# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အနှစ်ရှိသောတရား မရနိုင်**

အနှစ်မရှိသောတရား၌ အနှစ်ရှိ၏ဟု အယူရှိကြကုန်၏။ အနှစ်ရှိသော တရား၌မူကား အနှစ်မရှိဟု အယူရှိကြကုန်၏။ ထိုသူတို့သည် မှားသောကြံစည်မှုလျှင် (ကျက်စားရာ) အာရုံရှိကြကုန်ရကား အနှစ်ရှိသော တရားကို မရနိုင်ကြကုန်။ ယမကဝဂ်(ဓမ္မပဒ-၁၁)


၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက် | ၂၀၂၁ ခုနှစ်၊ ဧပြီ ၈ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၀)၊ အမှတ် (၁၉၀)



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဒုတိယ တစ်လတာခရီး**

*ဆောင်းပါး* စာ ၆

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်**

*ပြည်တွင်းသတင်း* စာ ၁၂

**ကိုဗစ်-၁၉ ကာကွယ်ဆေး အစီအစဉ် ဆက်လက်အကောင်အထည်ဖော်ဖို့ အခက်အခဲဖြစ်နေတဲ့ လက်ဘနွန်**

*နိုင်ငံတကာရေးရာ* စာ ၁၄


# ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ သတ္တမနေ့ဆက်လက်ကျင်းပ



နေပြည်တော် ဧပြီ ၇

၂၀၂၁ ခုနှစ် ဧပြီလ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ သတ္တမနေ့ကို ကိုဗစ်-၁၉ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။ (အပေါ်ပုံ) စာမျက်နှာ ၄ ကော်လံ ၁ ❖

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၄/၂၀၂၁) ကျင်းပမည်

နေပြည်တော် ဧပြီ ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၄/၂၀၂၁) ကို ဧပြီ ၉ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ပြည်ပ သတင်း မီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၄/၂၀၂၁)ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဧပြီ ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၄/၂၀၂၁) ကို ဧပြီ ၉ ရက်မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပမည်ဖြစ်ရာ ယင်းသတင်းစာရှင်းလင်းပွဲပြုလုပ်မှုကို မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ MITV နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်




# အရွယ်ရောက်နောက်ဆုံးမျိုးဆက်များနှင့် ယဉ်ကျေးမှုမဏ္ဍိုင် တည့်မတ်ခိုင်မာရေး

ယဉ်ကျေးမှုဟူသည် နိုင်ငံနှင့်လူမျိုးတို့၏ လူမှုအဆင့်အတန်းပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံရှိ ဖြိုမဲ့ ဖြိုရှိ ယဉ်ကျေးမှုများကို လေ့လာခြင်းဖြင့် ၎င်းတို့၏ လူမှုအဆင့်အတန်းကို သိနိုင်သည်။ ဓလေ့ထုံးတမ်း၊ ဘာသာစကား၊ စာပေ၊ ဂီတ၊ အနုပညာ၊ ဗိသုကာ၊ လက်နက်ကိရိယာ စသည်စသည်ဖြင့် ယဉ်ကျေးမှုဆိုင်ရာတို့ကို ရှိသမျှ ချရေးရလျှင် ကုန်ဆုံးနိုင်ဖွယ်မမြင်။ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသော နိုင်ငံကြီးနှစ်နိုင်ငံသည် ရှေးနှစ်ထောင်ပေါင်းများစွာကပင် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားခဲ့သော တိုင်းနိုင်ငံကြီးများ ဖြစ်ခဲ့ကြပြီး ယင်းနိုင်ငံ နှစ်နိုင်ငံ၏ကြားတွင် တည်ရှိနေသည့် မိမိတို့နိုင်ငံသည်လည်း ကိုယ်ပိုင်ဝိသေသလက္ခဏာများဖြင့် ကိုယ့်ရေ၊ ကိုယ့်မြေပေါ်တွင် ကိုယ်ပိုင်ယဉ်ကျေးမှုထွန်းကားခဲ့သော နိုင်ငံလည်း ဖြစ်သည်။

မြန်မာ့ရေ၊ မြန်မာ့မြေပေါ်မှ မြန်မာ့ယဉ်ကျေးမှုတို့မှာ ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှုအပေါ်တွင် အခြေခံပြီး ဖြစ်ထွန်းလာခဲ့သည့် ယဉ်ကျေးမှုဖြစ်သည်။ အနောက်တိုင်းသားတို့ မြန်မာ့မြေပေါ် ကျူးကျော်ခဲ့ကြရာတွင် ၎င်းတို့နှင့် ကိုးကွယ်ယုံကြည်မှုချင်း မတူညီသည့်အပေါ်တွင် နှိမ်ချသည့်အမြင်ဖြင့် ရှုမြင်ကာ မြန်မာလူမျိုးတို့အား အရိုင်းအစိုင်းများအဖြစ် ပုံဖော်ခဲ့ကြသည်ကို စာပေများတွင် ဖတ်ရှုရသည်။ နယ်ချဲ့ကျူးကျော်သူများအနေဖြင့် နိုင်ငံတစ်နိုင်ငံကို ကျူးကျော်ရာတွင် ဘာသာရေးအရ သာသနာပြုရန်၊ စီးပွားရေးအရ ကုပ်သွေးစုပ် အမြတ်ထုတ်ရန်၊ စစ်ရေးအရ ကျူးကျော်သိမ်းပိုက် ကျွန်ပြုရန် ရည်ရွယ်ခဲ့ကြခြင်းဖြစ်သည့်အလျောက် မယဉ်ကျေးသူများကို ယဉ်ကျေးလာအောင် ပြုလုပ်ပေးရန်မှာ ယဉ်ကျေးသူများ၏ တာဝန်ဖြစ်သည်ဟု အကြောင်းပြခဲ့ကြသည်။ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲကို လွယ်လင့်တကူဆင်နွှဲနိုင်ခဲ့ပြီးနောက် မန္တလေးနန်းတော်တွင်းကို ဝင်ရောက်သိမ်းပိုက်ခဲ့သူ နယ်ချဲ့စစ်အရာရှိကြီးများက နန်းတွင်းမှ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ၎င်းတို့၏ ခြေထောက်အကြားတွင်ထားကာ ဓာတ်ပုံအရိုက်ခံခဲ့သည်အထိ ပြုကျင့်ခဲ့ကြသည်။ နယ်ချဲ့လက်အောက် ကျရောက်ခဲ့ရချိန်ကာလတစ်လျှောက်လုံးတွင် မြန်မာ့လူ့အဖွဲ့အစည်းနှင့်တကွ ကိုးကွယ်ယုံကြည်မှု၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုတို့ကို စနစ်တကျ ဖျက်ဆီးခြင်းခံခဲ့ရသည်။ မြန်မာ့ပညာရေးစနစ်မှာလည်း ပျက်စီးခဲ့ရသည်။ ဗြိတိသျှပညာရေးစနစ်ကိုသာ အသားပေးခဲ့ပြီး မြန်မာ့ပညာရေးစနစ်ဟောင်းကိုမူ ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲရန် အားတက်သရော ဆောင်ရွက်ခြင်းမရှိခဲ့။ ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်သည့် အမျိုးသားပညာရေးနှင့် အမျိုးသားကျောင်းများ ပေါ်ပေါက်လာသည့်အခါမှသာ အမျိုးဘာသာ၊ သာသနာဟူ၍ ကြွေးကြော်သံနှင့်အတူ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာတို့ကို ပြန်လည်ဖော်ထုတ်အလေးအနက်ပြုလာနိုင်ခြင်းဖြစ်သည်။

မျက်မှောက်ခေတ်တွင်မူ အရွယ်ရောက် နောက်ဆုံးမျိုးဆက်(Gen-Z) တို့မှာ စတုတ္ထစက်မှုတော်လှန်ရေးခေတ်အတွင်း ကြီးပြင်းလာကြသူများဖြစ်နေသည်။ မှတ်ဉာဏ်တုနည်းပညာ၊ နာနိုနည်းပညာ၊ စက်ရုပ်နည်းပညာတို့အပါအဝင် နည်းပညာများ တိုးတက်မှုနှင့်အတူ နေအင်အား၊ စက်မှုစွမ်းအားတို့အပါအဝင် ရုပ်ပိုင်းဆိုင်ရာတို့ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေကြသော်လည်း ဖြဟ္မစိုရ်တရား၊ လူ့အခွင့်အရေးနှင့် လူမှုတရားမျှတမှုတို့ နောက်ကျကျန်နေကြောင်း၊ တစ်နည်းအားဖြင့် ယဉ်ကျေးမှု နောက်တွင်ကျန်နေရစ်ခြင်းဖြစ်ကြောင်း အနောက်တိုင်းနိုင်ငံများမှ ပညာတတ်အသိုင်းအဝိုင်းတို့က ရှုမြင်ကြသည်။ ဤသည်မှာ ဖွံ့ဖြိုးပြီးနိုင်ငံများ ရင်ဆိုင်ကြရသည့် လူမှုရေးပြဿနာဟူ၍လည်း ဆိုကြသည်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့် မိမိတို့နိုင်ငံအနေဖြင့်မူ ကိုယ်ပိုင်ယဉ်ကျေးမှုတို့ အဆင့်မြင့်မြင့် ရှိနေပြီးဖြစ်ရာ မပျောက်မပျက် ဆက်လက်တည်တံ့ရန်နှင့် အဆင့်မြင့်သည်ထက်မြင့်စွာ ဖွံ့ဖြိုးရန် အားထုတ်ကြိုးပမ်းကြရမှာဖြစ်သည်။ အတတ်ပညာ၊ နည်းပညာများ ခေတ်မီတိုးတက်သည်နှင့်အမျှ ဖြိုရှိ ဖြိုမဲ့ ယဉ်ကျေးမှုများသည်လည်း လိုက်ပါတိုးတက်ကြရမှာဖြစ်သည်။ အတတ်ပညာ၊ နည်းပညာနှင့် ဥစ္စာစနေတို့ ချို့ငဲ့နေသေးသည့် အခြေအနေတွင် စာရိတ္တ၊ ကိုယ်ကျင့်တရားနှင့် ယဉ်ကျေးမှုတို့ ကပါ ယိုယွင်းပျက်စီးနေပြီဆိုပါက နာရာဝဲစွဲသည့် ဘဝသို့ ရောက်ရတော့မည်ဖြစ်ရာ ယဉ်ကျေးမှုမဏ္ဍိုင် တည့်မတ်ခိုင်မာအောင် လူတိုင်းကိုယ်စီ စိုက်ထူနိုင်ကြပါစေကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် ဧပြီ ၇

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်ပါသည်။

ဧပြီ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ဧပြီ ၁၆၊ ၁၇၊ ၁၈၊ ၁၉ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ရခိုင်ဘာသာဖြင့် ထုတ်ဝေသည့် ရှုံပြည်ရခိုင်ပုံရိပ်အချပ်ပိုကို ဧပြီ ၁၄ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး) မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာတိုင်းရင်းသားကဏ္ဍအချပ်ပိုကို ဧပြီ ၁၅ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်) မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်းတိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီ ၁၈ ရက်နေ့တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီ ၂၀ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း



ရန်ကုန်မြို့တွင် ပြန်လည်တည်ငြိမ် အေးချမ်းလာပြီး စည်ပင်သာယာ ဈေးများ၊ ကိုယ်ပိုင်ဈေးများ၊ Shopping Mallများ ပုံမှန်လည်ပတ်လျက်ရှိရာ ဧပြီ ၇ ရက်တွင် ဒလမြို့နယ် ကမာကဆစ်ဈေးတွင် ဈေးရောင်းဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

သတင်းစဉ်

## တိမ်အနည်းငယ် ဖြစ်ထွန်း

နေပြည်တော် ဧပြီ ၇

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# မင်းမဲ့စရိုက်ဆန်သည့် ဥပဒေချိုးဖောက်မှုမှ တစ်ဆင့် လက်နက်ကိုင်အကြမ်းဖက်သည့်အဆင့်သို့ ကူးစက်အသွင်ပြောင်းလာ

ဆူပူဆန္ဒပြမှုဖြစ်စဉ်များအားလုံးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြင့် အင်အားအနည်းဆုံးနှင့် အသက်သာဆုံးဖြစ်အောင် ထိန်းသိမ်း ဆောင်ရွက်နေကြောင်း၊ ယခုအခါ ဆူပူဆန္ဒပြသည့်အဆင့်မှ မင်းမဲ့စရိုက်ဆန်သည့် ဥပဒေချိုးဖောက်မှုအဆင့်များမှတစ်ဆင့် ပွိုင့် ၂၂ သေနတ်၊ တူမီးသေနတ်၊ လေသေနတ်၊ လက်လုပ်သေနတ်၊ လက်လုပ်လက်ပစ်ဗုံးများ၊ မီးပုလင်း၊ မီးကွင်းကဲ့သို့သော အဖျက်အမှောင့်လက်နက်များကို ကိုင်စွဲ၍ နိုင်ငံတော်အုပ်ချုပ်ရေး အဆောက်အဦများ၊ ရဲစခန်းများ၊ တရားရေးဆိုင်ရာ အဆောက်အဦများအပြင် ရိုးသားအေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီးခြင်းများ၊ ဝင်ရောက်စီးနင်းရန် ကြိုးပမ်းအားထုတ်မှုများ စသည့် လက်နက်ကိုင်အကြမ်းဖက်သည့်အဆင့်သို့ ကူးစက်အသွင်ပြောင်းလာခဲ့သည်ကို တွေ့ရှိလာရကြောင်း၊ ထို့ပြင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် တည်ဆောက်ထားသော စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်လာခြင်းတို့ ပြုလုပ်လာကြောင်း၊ ထို့ကြောင့် မည်သို့မျှ မတတ်သာသည့်အဆုံး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ် နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တို့တွင် စစ်အုပ်ချုပ်ရေး (Martial Law) ထုတ်ပြန်ဆောင်ရွက်ခဲ့ရကြောင်း၊ လူငယ်လူရွယ်များကို အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု ကင်းမဲ့စေသည့် လုပ်ဆောင်ချက်များလုပ်ဆောင်လာစေရန်၊ ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်လာစေရန် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများ လုပ်ဆောင်နေသည်ကို တွေ့မြင်ရပြီး နိုင်ငံတော်အတွက် အန္တရာယ်ရှိသည့် လုပ်ရပ်များပင်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀-၃-၂၀၂၁ ရက်နေ့တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက် အဆောက်အဦ ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၇

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက် အဆောက်အဦ ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည်။

### အမွေနှံ့သာရည်ပက်ဖျန်း

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ဦးအေးကြွယ်၊ ဦးဝင်းကျော်အောင်နှင့် တာဝန်ရှိသူတို့က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက် အဆောက်အဦ ဆောက်လုပ်မည့် သတ်မှတ်နေရာ အသီးသီးတွင် နေရာယူကြပြီး ပန္နက်တင်ပေးကာ အမွှေးနံ့သာရည်ပက်ဖျန်းပေးကြသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက် အဆောက်အဦကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မအဆောက်အဦရှေ့ ယာဘက်မျက်နှာစာ၌ သီးခြားဆောက်လုပ်ပြီး ခမ်းနားထည်ဝါစွာဖြင့် ဖွင့်လှစ်ပြသနိုင်ရေး ဆောင်ရွက်ရန် လမ်းညွှန်ချက်အရ ယနေ့တွင် ပန္နက်တင်မင်္ဂလာ အခမ်းအနား ပြုလုပ်ခြင်းဖြစ်သည်။ အဆောက်အဦအရွယ်အစားမှာ အလျား ပေ ၁၀၀၊ အနံ ၇၅ ပေ၊ အမြင့် ၂၆ ပေ၊ RCC နှစ်ထပ် အဆောက်အဦ ဖြစ်ပြီး ပြတိုက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တူရိယာများ၊ အသုံးအဆောင် ပစ္စည်းများ၊ ပုံစံငယ်များ၊ စတူဒီယိုများဖြင့် အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရေးအတွက် ဗဟုသုတဖြစ်ဖွယ် ခင်းကျင်းပြသရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။

### ဆွေးနွေးမှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် Auditorium ခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံပြီး မိမိအလုပ်အပေါ် အလေးထားတန်ဖိုးထားရေးနှင့် ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးမှာကြားခဲ့သည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၁ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော် မေ ၇

နှစ်စဉ် မေ ၇ ရက်တွင်ကျရောက်သော ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ COVID-19 Command Centre တွင် ကျင်းပသည်။



**အကောင်အထည်ဖော်**

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ၂၀၂၁ ခုနှစ်အတွက် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်မှာ **Building a fairer, healthier world** ဖြစ်ပြီး **"တို့ရဲ့ကမ္ဘာ ပိုမိုကျန်းမာဖို့ ကျန်းမာရေးစောင့်ရှောက်မှု သာတူညီမျှပေးကြစို့"** ဟု ဘာသာပြန်ဆိုထားပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ပြန်လည်မြင့်တက်ခြင်းမရှိစေရေးအတွက် ကာကွယ်ဆေးထိုးလုပ်ငန်းများကို မူလအစီအစဉ်အတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကာကွယ်ဆေးထိုးနှံပြီးသူများအနေဖြင့်လည်း အခြားသူများနည်းတူ အခြေခံကျသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို အထူးသတိပြု၍ ဆက်လက်လိုက်နာကြရမည်ဖြစ်ပါကြောင်း။

**ဦးစားပေးဆောင်ရွက်**

ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် မညီမျှမှုများဖြစ်ပေါ်နေသည့် အခြေအနေများကို ကြိုတင်ကာကွယ်နိုင်သည့် နည်းလမ်းများစွာအနက် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ အနေဖြင့် မိဘပြည်သူများ၏ ကျန်းမာရေးကို မိမိတို့၏ ကိုယ်ပိုင်အရေးကိစ္စကဲ့သို့ သဘောထား၍ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ပြည်သူများနှင့်အတူတကွ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ ခိုင်မာတိကျ၍ ရည်ညွှန်းအသုံးပြုနိုင်သည့် ကျန်းမာရေးဆိုင်ရာ စာရင်းဇယားကိန်းဂဏန်း အချက်အလက်များကို စနစ်တကျ မှတ်တမ်းတင်ထားရှိခြင်း စသည့်လုပ်ငန်းစဉ်များကို အလေးပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ကျန်းမာရေး စောင့်ရှောက်မှု သာတူညီမျှစွာရရှိမှု အားနည်းနေသေးပြီး အခြားကျန်းမာရေးစောင့်ရှောက်ပေးမည့်သူ မရှိသည့် ဝေးလံခေါင်ဖျားဒေသများတွင် မှီတင်းနေထိုင်ကြသော ပြည်သူများကို အခြေခံကျသည့် မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရေး ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**ပြန်လည်ဝင်ရောက်သင့်**

မိမိတို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏တာဝန်မှာ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဖြစ်သည်နှင့်အညီ ဆရာဝန်၊ သူနာပြု၊ ဆေးဘက်ဆိုင်ရာ အထောက်အကူပြု ပုဂ္ဂိုလ်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများသည် လူနာများ၊ ပြည်သူလူထုများ၊ ဌာနများကိုစွန့်ခွာ၍ အလုပ်တာဝန်များ မထမ်းဆောင်ဘဲ လျစ်လျူရှုထားခြင်းကို သင့်လျော်မှု ရှိ/မရှိ စဉ်းစားချင့်ချိန်ပြီး တာဝန်ကျရာ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်သင့်သော အချိန်အခါဖြစ်ပါကြောင်း။

**မှတ်တမ်းတင်ဗီဒီယိုပြသ**

ယနေ့ ကျရောက်သည့် ကမ္ဘာ့ကျန်းမာရေးနေ့ အခါသမယမှ စတင်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် သာတူညီမျှမှု မရရှိသေးသည့် အခြေအနေများနှင့် ပတ်သက်၍ ယခုနှစ် ဆောင်ပုဒ်နှင့်အညီ မိမိတို့အားလုံး ပူးပေါင်းဆောင်ရွက်၍ မိဘပြည်သူအားလုံးအတွက် လိုအပ်သော အရည်အသွေးပြည့်မီသည့် ကျန်းမာရေးစောင့်ရှောက်မှုများ သာတူညီမျှ လက်လှမ်းမီစွာရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက်ထား တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် Building a fairer, healthier world "တို့ရဲ့ကမ္ဘာ ပိုမိုကျန်းမာဖို့ ကျန်းမာရေးစောင့်ရှောက်မှု သာတူညီမျှပေးကြစို့" ခေါင်းစဉ်ဖြင့် မှတ်တမ်းတင်ဗီဒီယိုကို ပြသသည်။

အခမ်းအနား အပြီးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသော ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ညွှန်ကြားရေးမှူးများသည် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။ (အပေါ်ပုံ) သတင်းစဉ်

❖ ရွှေဖိုးမှ

ယနေ့တွင် ရောင်းချပွဲ ဆဋ္ဌမနေ့က အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့သည့် ကျောက်စိမ်းအတွဲအမှတ် ၄၅၁ မှ အတွဲအမှတ် ၉၀၀ အထိ ကျောက်စိမ်းအတွဲပေါင်း ၄၅၀ တွင် အတွဲပေါင်း ၄၀၇ တွဲကို မြန်မာငွေကျပ် ၃၅၁၀၁၉၉၇၀၈ ဖြင့် ရောင်းချနိုင်ခဲ့ကြောင်း ကြေညာသည်။

**ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေး**

ရောင်းချပွဲသတ္တမနေ့တွင် နံနက် ၈ နာရီမှစ၍ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမ သတ်မှတ်နယ်မြေအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။ (ယာပုံ)

ယနေ့တွင် ကျောက်စိမ်းအတွဲအမှတ် ၉၀၁ မှ အတွဲအမှတ် ၁၃၅၀ အထိ တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ မေ ၈ ရက် နံနက်ပိုင်းတွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖွင့်ဖောက်စစ်ဆေး**

အလားတူ မေ ၈ ရက်တွင် ကျောက်စိမ်းအတွဲ ၁၃၅၁ မှ အတွဲအမှတ် ၁၈၀၀ အထိ တင်သွင်းသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင်ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ မေ ၉ ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ မေ ၉ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၁၈၀၁ မှ အတွဲအမှတ် ၂၁၄၈ အထိ တင်သွင်းသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင်ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ မေ ၁၀ ရက် နံနက်ပိုင်းတွင်လည်းကောင်း ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဒုတိယတစ်လတာခရီး

## ကနောင်

စစ်တီးဝိုင်းအဖွဲ့သားများ တီးခတ်လိုက်သည့် စစ်ချီသီချင်းသံက ကောင်းကင်ယံသို့ ပျံ့လွင့်လျက်ရှိသည်။ အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းကြီးများက စစ်ရေးပြကွင်းအတွင်းသို့ အစဉ်လိုက်ဝင်ရောက်နေရာယူကြသည်။ အစဉ်အလာကြီးမားသည့် တပ်မတော်အတွက် သမိုင်းဝင် အထိမ်းအမှတ် (၇၆) နှစ်မြောက် တပ်မတော်နေ့အခမ်းအနားမြင်ကွင်းမှာ ပြည်သူတစ်ဦးအနေဖြင့် မမေ့ပျောက်နိုင်မည့် ဂုဏ်ယူဖွယ်ရာ မြင်ကွင်းတစ်ရပ်ပင် ဖြစ်ပါသည်။

နိုင်ငံတော်အတွက် အသက်ကို အပ်နှင်းထားသည့် တပ်မတော်ကြီးကို ကိုယ်စားပြုထားသည့် ကြည်း၊ ရေ၊ လေ စစ်ကြောင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိစစ်သည်များ၊ ရေတပ်အထူးစစ်ဆင်ရေးတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးအထူးတပ်ဖွဲ့ဝင်များ၊ ကြည်း၊ ရေ၊ လေ ယန္တရားတပ်ဖွဲ့၊ လေယာဉ်၊ ရဟတ်ယာဉ်တပ်ဖွဲ့တို့သည် တပ်မတော် စတင်ဖွဲ့စည်းခဲ့သည့် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှ ငွေရတု၊ ရွှေရတု၊ စိန်ရတုကာလ အဆက်ဆက် ဖြတ်သန်းခဲ့ရသည့် အတိတ်၊ ပစ္စုပ္ပန်တို့ကို ထင်ဟပ်စေလျက် စစ်ရေးပြကွင်းအတွင်း မြင်တွေ့ရသည်မှာ အလွန်ပင် ကျက်သရေ ရှိလှပေစွ။ ခမ်းနားကြီးကျယ်လှပေစွ။ မြန်မာ့တပ်မတော်...။ ဤလူတို့သည် မြန်မာနိုင်ငံတော်ကြီးအတွက်၊ တိုင်းရင်းသားလူမျိုးများအားလုံးအတွက် အသက်စွန့်၍ ကာကွယ်ပေးတတ်ကြသော တပ်မတော်သားများ ပါပေတကားဟု ဝံ့ကြွားသည့် စိတ်ခံစားမှုများပေါ်ပေါက်လာစေပါသည်။

### နှစ်လတာပြည့်မြောက်

ယခုနှစ် မတ်လသည် မြန်မာ့တပ်မတော်၏ အထိမ်းအမှတ် တပ်မတော်နေ့အခမ်းအနားကို ကျင်းပသည့်လဖြစ်သကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် နှစ်လတာပြည့်မြောက်သည့် ကာလလည်းဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ရှေ့လုပ်ငန်းစဉ်ငါးရပ်၊ ဦးတည်ချက် ကိုးရပ်တို့ဖြင့် မဆိုတ်မသုန် ဆောင်ရွက်လျက်ရှိပါသည်။ များပြားလှသည့် နိုင်ငံတော်၏ အရေးကိစ္စများကို ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ဦးထိပ်ပန်ဆင်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားကို ဆောင်ကြဉ်းပေးနိုင်ရန်နှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ရည်မှန်းချက်များ၊ ဦးတည်ချက်များကို အထိရောက်ဆုံး အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည်ကို မတ်လအတွင်း ဆောင်ရွက်ချက်များကိုကြည့်၍ သိရှိရမည်ဖြစ်ပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် (၇၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။



"များပြားလှသည့် နိုင်ငံတော်၏ အရေးကိစ္စများကို ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ဦးထိပ်ပန်ဆင်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားကို ဆောင်ကြဉ်းပေးနိုင်ရန်နှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ရည်မှန်းချက်များ၊ ဦးတည်ချက်များကို အထိရောက်ဆုံး အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေ"

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ မတ်လ၏ နေ့စွဲများ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ မတ်လ ၁ ရက်နေ့တွင် ကျင်းပသည့် (၄/၂၀၂၁) အစည်းအဝေးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်စေရန်အတွက် လူမှုကွန်ရက် စာမျက်နှာများမှတစ်ဆင့် သွေးထိုးဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး အငြိမ်းချမ်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီစနစ်တွင် ကြိုက်နှစ်သက်သည်၊ မကြိုက်နှစ်သက်သည် ရှိနိုင်ကြောင်း၊ ဒီမိုကရေစီရင့်ကျက်သည့် နိုင်ငံများတွင် စည်းကမ်းဥပဒေနှင့်အညီ တာဝန်ပေးအပ်မှုကို လက်ခံကြကြောင်း၊ ရပ်ကွက်၊ ကျေးရွာများနှင့် အနီးစပ်ဆုံးဖြစ်သည့် မြို့နယ်အုပ်ချုပ်ရေးတာဝန်ရှိသူများသည် နိုင်ငံရေးအရောင်အသွေးကင်းရှင်းရန် လိုအပ်ကြောင်း စသည်ဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက် ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်၏ ရှေ့ဆက်ရမည့်လုပ်ငန်းစဉ် ငါးရပ်အနက် စီးပွားရေးကဏ္ဍတွင် ဒေသအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်ရန်၊ စိုက်ပျိုးရေးကဏ္ဍမြင့်မားလာစေရန်၊ ကျန်းမာရေးအထောက်အကူ ဖြစ်စေရန်အတွက် တစ်နိုင်ငံလုံးအနေအထားဖြင့် မြင်ပတွင် ကစားရသည့် အားကစားပွဲများကို ပြန်လည်ကျင်းပရန်နှင့် မြန်မာ့သိုင်းအားကစားနည်းကို ထည့်သွင်းရန်၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၊ စက်မှု လုပ်ငန်းများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး နည်းလမ်းများအတိုင်း စနစ်တကျ ပြန်လည်လည်ပတ်နိုင်စေရန်အတွက် အဓိကထား ဆွေးနွေးပြောကြားခဲ့သည်ကိုလည်း မြင်တွေ့ရပါသည်။

### ဒီမိုကရေစီကျင့်စဉ်နှင့်အညီ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၅/၂၀၂၁) အစည်းအဝေးကို မတ်လ ၈ ရက်က ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့အနေဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း၊ ပြီးခဲ့သည့်လ ၂၈ ရက်မှစတင်၍ အကြမ်းဖက်လုပ်ရပ်များ စတင်လာသည်ကိုတွေ့ရှိရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်တိုက်ခိုက်ခြင်းများ ကြုံတွေ့ရလာပါကြောင်း၊

စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှ

တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ဆောင်ရွက်ရာတွင် အသက်သာဆုံးနှင့် အညင်သာဆုံး ဆောင်ရွက်ခဲ့ပါကြောင်း၊ CDM သည် နိုင်ငံတော်၏ စီးပွားရေးကို ထိခိုက်စေရန် ရည်ရွယ်ချက်ရှိရှိ ကြိုတင်ကြံစည်ထားခြင်းဟု ယူဆရပြီး စက်ရုံ၊ အလုပ်ရုံများ၊ ခရီးသွားလာရေးလုပ်ငန်းများ၊ ငွေကြေးလည်ပတ်မှုများ၊ ကုန်ထုတ်လုပ်မှုများ ထိခိုက်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဆရာဝန်များ ဆေးကုသမှုမပြုလုပ်ကြသဖြင့် ပြည်သူလူထု ထိခိုက်နစ်နာရပါကြောင်း၊ ဘဏ်များအမြန်ဆုံး ပြန်လည်ဖွင့်လှစ် နိုင်ရေး၊ မီဒီယာများက ဘက်မလိုက် မှန်ကန်စွာ ဖော်ထုတ်ရေးသားနိုင်ရေးတို့ လိုအပ်ပါကြောင်း ထည့်သွင်းဆွေးနွေး ပြောကြားသည်။

## အများပြည်သူ သိရှိနိုင်ရေး

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အင်အားရှိရန်နှင့် အသင့်အနေအထားဖြစ်အောင် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ တိုင်းပြည်တည်တည်ငြိမ်ငြိမ် ဖြစ်သွားလျှင် ၂၀၁၀ ပြည့်နှစ်က ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်ရေး စဉ်းစားရမည်ဖြစ်၍ ကောင်စီဝင်များ လေ့လာကြစေလိုကြောင်း အသိပေးပြောကြားပြီး ကောင်စီဝင်များ၏ ဆွေးနွေးတင်ပြချက်များဖြစ်သည့် CRPH နှင့် အခြားအဖွဲ့အစည်းများတွင် ပါဝင်ပတ်သက်နေသူများအား စိစစ်ဖော်ထုတ်အရေးယူသွားရန်၊ နိုင်ငံရေးပညာပေးလုပ်ငန်းများ ပိုမိုဆောင်ရွက်သွားရန်၊ မဲမသမာမှုကဲ့သို့သော ဥပဒေနှင့် မညီညွတ်သည့်ကိစ္စရပ်များကို အများပြည်သူများ သိရှိနိုင်ရေး ဆောင်ရွက်ရန်၊ သန်းခေါင်စာရင်းနှင့် မှတ်ပုံတင်များ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဥပဒေနှင့်အညီသာ ဆောင်ရွက်ပေးနိုင်ရန်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ပြန်လည်ဖွင့်လှစ်ခွင့်ပြုနိုင်ရန်၊ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်နှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ပြန်လည်ဆွေးနွေးညှိနှိုင်းခဲ့သည်ကိုလည်း မြင်တွေ့ရပါသည်။



(၇၆) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးစဉ်။

## ခရီးသွားလုပ်ငန်းများ ဖွင့်လှစ်နိုင်ရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၆/၂၀၂၁) အစည်းအဝေးကို မတ်လ ၁၅ ရက်တွင် ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှာကြားမှုများအပြီးတွင် ကောင်စီအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။ အဆိုပါအစည်းအဝေးအတွင်း ဘဏ်များအားလုံး ပုံမှန်ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သော လုံခြုံရေးအစီအမံများဆောင်ရွက်၍ ဖွင့်လှစ်ရန်၊ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ ပိတ်ထားရသည့်အတွက် ကျောင်းသား ကျောင်းသူများနှင့် မိဘများအပြင် နိုင်ငံတော်အတွက်ပါ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ရသဖြင့် အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်ရန်နှင့် စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးအခြေခံသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရန်၊ တိုင်းရင်းသားစာပေသင်ကြားရေး ဆရာများအား ပိုမိုထောက်ပံ့မှုများ ပေးအပ်နိုင်ရန်၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ အမြန်ဆုံး ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရန်တို့ကို ဆွေးနွေး ဆောင်ရွက်ခဲ့ကြပါသည်။





(၇၆) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ စစ်ရေးပြစစ်ကြောင်းကြီးများအား တွေ့ရစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၇/၂၀၂၁) ကို မတ်လ ၂၂ ရက်တွင် ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှ အမြန်ဆုံး လွတ်မြောက်နိုင်ရန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများနှင့် ပတ်သက်၍ ကန့်သတ်ချက်များကို ဖြေလျှော့ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များကို ပြန်လည်စိစစ်နိုင်ရေး ညွှန်ကြား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘုရားသုံးဆူဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် ရေရှည်မျှော်မှန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးကိစ္စနှင့် ပတ်သက်၍ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများ အဆင့်ဆင့်ဖွဲ့စည်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် နိုင်ငံသားမှတ်ပုံတင် ရပိုင်ခွင့်ရှိသည့် နိုင်ငံသားတိုင်းနှင့် တိုင်းရင်းသားတိုင်း နိုင်ငံသားမှတ်ပုံတင်ရရှိရေး မဖြစ်မနေ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း စသည်ဖြင့် လမ်းညွှန်မှာကြား ဆွေးနွေးခဲ့သည်။

## ဒီမိုကရေစီစနစ်သည် ဝါဒ မဟုတ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေး (၃/၂၀၂၁) ကို မတ်လ ၁၁ ရက်တွင် ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဝန်ကြီးဌာနများတွင် ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်မှုနှင့် ပတ်သက်၍ မိမိတို့သည် ပါတီစုံ ဒီမိုကရေစီလမ်းကြောင်းကို သွားနေခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်သည် ဝါဒ မဟုတ်ဘဲ ကျင့်စဉ်တစ်ခုသာဖြစ်ပြီး ဝန်ကြီးဌာနများအနေဖြင့် ဒီမိုကရေစီကျင့်စဉ် နှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် ဝန်ထမ်းများအား နားလည်အောင် ရှင်းလင်းပြောကြားစေလိုကြောင်း အမှာစကားအတွင်း ထည့်သွင်း ပြောကြားသည်။

စာမျက်နှာ ၈ သို့



(၇၆) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ယန္တရားတပ်ခွဲအား တွေ့ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၁) တွင် အမှာစကားပြောကြားစဉ်။ (၃-၃-၂၀၂၁ ရက်)

စာမျက်နှာ ၇မှ

အဆိုပါ အစည်းအဝေးအတွင်း ဘဏ်လုပ်ငန်းများ စည်းကမ်းတကျ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျန်းမာရေးဝန်ထမ်းများ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ရေးနှင့် ဆေးရုံများအမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အစီအမံများကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်ကို မြင်တွေ့ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မတ်လ ၂၀ ရက်တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား သီးခြားစီတွေ့ဆုံခြင်း၊ မတ်လ ၂၈ ရက်တွင် တာချီလိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မတ်လ ၂၉ ရက်တွင် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို သွားရောက်တွေ့ဆုံခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်ကိုလည်း မြင်တွေ့ရပါသည်။

## နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး

တပ်နယ်များမှ တပ်မတော်သားများနှင့် တွေ့ဆုံစဉ် လက်ရှိနိုင်ငံတော်ကို တာဝန်ယူထားရသည့် အခြေအနေအရပ်ရပ်တို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့သည်။ ထို့နောက် လက်ရှိ ဆောင်ရွက်လျက်ရှိသည့် အစီအမံများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေမှုများကိုလည်း ထည့်သွင်းပြောကြားသည်။ အဆိုပါ တွေ့ဆုံပွဲများအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာ ပစ္စည်းများကို နယ်မြေခံတပ်ရင်းများထံ ပေးအပ်ခဲ့ပြီး တပ်မိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြသည်ကိုလည်း မြင်တွေ့ရပါသည်။

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းကလည်း မတ်လ ၁၁ ရက်မှ ၁၄ ရက်အထိ ကလေး၊ အောင်ပန်း၊ ဗထူးနှင့် ပြင်ဦးလွင် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းသားအရာရှိစစ်သည် ဗိုလ်လောင်းများနှင့် တွေ့ဆုံအားပေးခြင်း၊ လက်ရှိနိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ရှင်းလင်းပြောကြားခြင်းနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းများ ပြုလုပ်ခဲ့ပြီး မတ်လ ၂၉ ရက်တွင် မန္တလေးတပ်နယ်နှင့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ရုံးများသို့ သွားရောက်တွေ့ဆုံခဲ့သည်ကိုလည်း တွေ့ရပါသည်။

## စုပေါင်းဦးဆောင်မှုဖြင့်သာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၈/၂၀၂၁)ကို မတ်လ ၃၀ ရက်တွင် ကျင်းပခဲ့ပြီး အခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် "ပြည်သူများ ရွေးချယ်ထားသည့် ဒီမိုကရေစီစနစ်ဆီသို့ မယိမ်းမယိုင် လျှောက်လှမ်းနိုင်ရန်အတွက် ယခုအခါတွင် စုပေါင်းဦးဆောင်မှုဖြင့်သာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရပ်ဘက်အုပ်ချုပ်ရေး အဖွဲ့အစည်းများဖြင့်သာ ဆောင်ရွက်လျက်ရှိ၍ တပ်မတော်မှ ဝန်းရံပေးနေခြင်းသာ ဖြစ်ပါကြောင်း၊ ပြည်သူများ မျှော်မှန်းထားသည်မှာ စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သော်လည်း တတိယသက်တမ်းအတွက် ရွေးကောက်ပွဲပြုလုပ်ချိန်တွင် မဲမသမာမှုများပြုလုပ်၍ ပြည်သူများ ရွေးချယ်ထားသည့် ဒီမိုကရေစီစနစ်ကို ဖြက်ရယ်ဖြူပြီး ပြည်သူလူထုကို စော်ကားခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စစ်မှန်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ဖြစ်ပေါ်စေရေး တပ်မတော်အနေဖြင့် ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက် ချထားပါကြောင်း၊ ဆက်လက်၍ နိုင်ငံတော်အတွက် တည်ငြိမ်အေးချမ်းရေး၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ရေး၊ လိုအပ်သည့်နေရာများတွင် အထူးတရားရုံးများဖွင့်လှစ်ရေး၊ အခွန်ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ဝင်ငွေခွန်နှုန်းထားများ ပြင်ဆင်သတ်မှတ်ရေး၊ လူမှုကွန်ရက်ပေါ်မှ ကောလာဟလများအား ထိန်းချုပ်ရေး၊ သတင်းမီဒီယာအဖွဲ့အစည်းများ ပြန်လည်ဖွဲ့စည်းရေး အပါအဝင် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဘာသာရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးစသည့် ကိစ္စရပ်များကို ကော်မတီဝင်များက စုစည်းညီညွတ်စွာဖြင့် ဆွေးနွေး အဖြေရှာနေသည်ကိုလည်း အားရဖွယ် မြင်တွေ့ရပါသည်။

## (၇၆) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား

မတ်လ ၂၇ ရက်တွင် ကျရောက်သည့် (၇၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေး ပြအခမ်းအနားကို နေပြည်တော် စစ်ရေးပြကွင်း၌ အောင်မြင်စွာ ကျင်းပခဲ့ပါသည်။ စစ်ရေးပြအခမ်းအနားတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်က စစ်ရေးပြ

စာမျက်နှာ ၉ သို့

**"မိမိတို့နိုင်ငံတွင် စစ်မှန်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ဖြစ်ပေါ်စေရေး တပ်မတော်အနေဖြင့် ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက် ချထားပါကြောင်း၊ ဆက်လက်၍ နိုင်ငံတော်အတွက် တည်ငြိမ်အေးချမ်းရေး၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ရေး၊ လိုအပ်သည့်နေရာများတွင် အထူးတရားရုံးများဖွင့်လှစ်ရေး၊ အခွန်ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ဝင်ငွေခွန်နှုန်းထားများ ပြင်ဆင်သတ်မှတ်ရေး၊ လူမှုကွန်ရက်ပေါ်မှ ကောလာဟလများအား ထိန်းချုပ်ရေး၊ သတင်းမီဒီယာအဖွဲ့အစည်းများ ပြန်လည်ဖွဲ့စည်းရေးအပါအဝင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဘာသာရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးစသည့်ကိစ္စရပ်များကို ကော်မတီဝင်များက စုစည်းညီညွတ်စွာဖြင့် ဆွေးနွေးအဖြေရှာနေသည်ကိုလည်း အားရဖွယ်မြင်တွေ့ရ"**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မတ် ၂၀ ရက်က ပြုလုပ်သည့် ကျွန်းစုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံပွဲတွင် စားသောက်ကုန်ပစ္စည်းများပေးအပ်စဉ်။

# နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရန် ဝန်ထမ်းများအားလုံးတွင် တာဝန်ရှိ

နေပြည်တော် မေ ၇

ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ကံဇော်သည် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် စာရင်းစစ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)



### ညှိနှိုင်းပေါင်းစပ်

တွေ့ဆုံပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ယခုအစိုးရလက်ထက် လုပ်ငန်း ချောချောမွေ့မွေ့ ပျော်ပျော်ရွှင်ရွှင် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံ၏တာဝန်များ ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၏ လမ်းညွှန်မှာကြားချက်များကို ဝန်ထမ်းများသို့ ရှင်းလင်းခဲ့ပြီးဖြစ်ပါကြောင်း။

### စနစ်တကျ နားလည်မည်ဖြစ်

အဆိုပါ ရှင်းလင်းချက်ကို မိမိရုံးတွင်ရှိသော အရာထမ်း၊ အမှုထမ်းများအား ပြန်လည်ရှင်းလင်းရန်လိုအပ်ကြောင်း၊ ထိုသို့ ရှင်းလင်းပြမှသာလျှင် နိုင်ငံတော်၏ ဖြစ်စဉ်အမှန်ကို သိရှိပြီး ဒီမိုကရေစီ၏ သဘောတရားနှင့် လုပ်ငန်းစဉ်များကို စနစ်တကျ နားလည်မည်ဖြစ်ကြောင်း၊ ယခုဆောင်ရွက်နေခြင်းများသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (Road Map) (၅) ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉) ရပ်တို့ကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ရန်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရန် ဝန်ထမ်းများအားလုံးတွင် တာဝန်ရှိကြောင်း၊ CDM လှုပ်ရှားမှုတွင် မိမိကိုယ်တိုင်၊ မိမိလုပ်ဖော်ကိုင်ဖက်၊ မိမိမိသားစု မပါစေရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း။

### ဝန်ထမ်းအားလုံး ထိုးနှံနိုင်ရေး စီစဉ်ပေးမည်

ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘဏ္ဍာရေး စာရင်းစစ်ဆေးခြင်း၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာမှုရှိ/ မရှိ စစ်ဆေးခြင်း သာမက နိုင်ငံတော်ကို အမှန်တကယ် အကျိုးပြုနိုင်စေရန် လုပ်ငန်းအကောင်အထည်ဖော်မှု စစ်ဆေးခြင်းကိုပါ စစ်ဆေးရန်လိုကြောင်း၊ စာရင်းစစ်များ၏ တာဝန်များမှာ ပြည်သူ့ဘဏ္ဍာငွေများကို စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ သုံးစွဲကာ ပြည်သူ့အကျိုးစီးပွားရရှိစေရန် အဓိကထား ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သဖြင့် မွန်မြတ်သည့်လုပ်ငန်းဖြစ်ကြောင်း၊ ဝန်ထမ်းများအတွက် ဝန်ထမ်းသက်သာချောင်ချိရေးကို စနစ်တကျ ဆောင်ရွက်ပေးရန်၊ နိုင်ငံ၏ အနာဂတ်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ဤရုံးမှသင်တန်းများကို မကြာမီ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ Covid-19 ရောဂါ ကာကွယ်ဆေး ဝန်ထမ်းအားလုံး ထိုးနှံနိုင်ရေး စီစဉ်ပေးမည်ဖြစ်ကြောင်း။

### တတ်နိုင်သရွေ့ ဖြည့်ဆည်း

အချိန်နှင့်ပြီးရမည့် စစ်ဆေးရေးလုပ်ငန်းများကို အချိန်မီပြီးစီးစေရေး ဆောင်ရွက်သွားကြရန်နှင့် သမာသမတ်ကျကျဆောင်ရွက်ရန်၊ စစ်ဆေးရေးအစီအစဉ်ကို စနစ်တကျရေးဆွဲ ဆောင်ရွက်ရန်၊ အရည်အသွေးရှိသော စာရင်းစစ်အစီရင်ခံစာ ထုတ်ပြန်နိုင်ရေးနှင့် မျက်မြင်စစ်ဆေးမှုများ ဆောင်ရွက်ကြရန် မှာကြား၍ ရုံးများ၏ လိုအပ်ချက်များအတွက် တတ်နိုင်သရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေး)၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တိုင်းအဆင့်၊ ခရိုင်အဆင့်စာရင်းစစ်ရုံး၊ မြို့နယ်စာရင်းစစ်ရုံးများမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

သတင်းစဉ်

# (၁၁) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း အရင်းအမြစ်ရှာဖွေဖော်ထုတ်ရေး၊ ကြီးကြပ်ရေးနှင့် စစ်ဆေးအကဲဖြတ်ရေးကော်မတီအစည်းအဝေး Video Conferencing ဖြင့် ကျင်းပ

နေပြည်တော် မေ ၇

**(၁၁) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း အရင်းအမြစ်ရှာဖွေဖော်ထုတ်ရေး၊ ကြီးကြပ်ရေးနှင့် စစ်ဆေးအကဲဖြတ်ရေးကော်မတီအစည်းအဝေး (ASEAN Tourism Resourcing, Monitoring, and Evaluation Committee Meeting- ATRMEC) ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။ (ယာပုံ)**





အစည်းအဝေးသို့ အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ ခေါင်းဆောင်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ခေါင်းဆောင် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ယခုနှစ်အတွင်း ကော်မတီ၏ဦးဆောင်မှုဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းစဉ်များ၊ အာဆီယံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုများအလိုက် စောင့်ကြည့်အကဲဖြတ်ခြင်းစနစ်နှင့် အနာဂတ် ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဝါဒများ ချမှတ်ရာတွင် စာရင်းအင်း အချက်အလက်များ၏ အရေးပါပုံများ၊ အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၅ ၏ ကာလလယ် ပြန်လည်သုံးသပ်မှုအရ ၂၀၂၁ ခုနှစ်တွင် ခရီးသွားလုပ်ငန်း စာရင်းအချက်အလက်မှုဘောင်ရေးဆွဲရေးကို ဦးစားပေးကဏ္ဍအဖြစ် အလေးထား ဆောင်ရွက်ရန် အကြံပြုချက်များနှင့် အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၅ အရ ဆောင်ရွက်လျက်ရှိသည့် (၂) နှစ်တာ လုပ်ငန်း အစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ထိရောက်စွာ အကဲဖြတ်ကြီးကြပ် ဆောင်ရွက်နိုင်ရေးနှင့် အခြားခရီးသွားလုပ်ငန်း ကော်မတီများ၏ လုပ်ငန်းစီမံချက်များ ပံ့ပိုးချိတ်ဆက် ဆောင်ရွက်မှုများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အစည်းအဝေး အစီအစဉ်များအရ အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၅) အရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ကြီးကြပ် အကဲဖြတ်သည့် နည်းလမ်းများနှင့် လုပ်ငန်း ဆောင်ရွက်မှု ညွှန်းကိန်းများ မူကြမ်းရေးဆွဲထားရှိမှုများ၊ အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့၏ ၂၀၂၁ ခုနှစ်အတွက် ရန်ပုံငွေအရ/ အသုံး ဆိုင်ရာအခြေအနေများ၊ ၂၀၂၁ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အာဆီယံ ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ငန်း စီမံချက်များအတွက် အသုံးစရိတ် တင်ပြတောင်းခံမှုများ၊ ကိုဗစ်-၁၉ သက်ရောက်မှုများအပေါ် အဖွဲ့ဝင်နိုင်ငံများအလိုက် သက်သာလျော့ပါးရေး ဆောင်ရွက်လျက်ရှိသည့် အချက်အလက်များ စုစည်းရရှိမှုများနှင့် အာဆီယံခရီးသွားလုပ်ငန်း ကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆွေးနွေးဖက်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို တက်ရောက်လာသည့် ကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၇

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေ့အပူချိန်များ တိုးလာနိုင်သည်။

မိုး/ဇလ

# သရက်မြို့၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းစည်းဝေး

သရက် မေ ၇

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့က ခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်မျိုးလတ်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်သည်။

အဆိုပါ အစည်းအဝေးတွင် ခရိုင်အုပ်ချုပ်ရေးမှူးက ဌာနဆိုင်ရာများအနေဖြင့် သင်္ကြန်ကာလရုံးပိတ်ရက်များတွင် ရုံးလုံခြုံရေး အလေးထားဆောင်ရွက်ရန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များကို ဌာနဆိုင်ရာများမှ သိရှိလိုက်နာဆောင်ရွက်ကြရန်နှင့် သင်္ကြန်ပွဲတော်ကာလကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာပြီး ရေကစားမဏ္ဍပ်နှင့် ပျော်ပွဲရွှင်ပွဲများကို လူ ၅၀ ထက်မပိုစေရန်၊ CDM ဝန်ထမ်းများကို သက်ဆိုင်ရာဌာန တာဝန်ရှိသူများ အနေဖြင့် တာဝန်ပြန်လည် ထမ်းဆောင်နိုင်ရေးစည်းရုံးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုင်းခမ်းလှူက ညွှန်ကြားရင်းစစ်ဆေးသည့် လုပ်ငန်းများကိုဥပဒေနှင့်အညီ ဆောင်ရွက်နေကြောင်း၊ သင်္ကြန်ကာလတွင် ဘေးအန္တရာယ် ကင်းရှင်းစေရေး မြို့နယ်၊ ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း ပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယ ဗိုလ်မှူးကြီးဝင်းနိုင်ဦးက CDM ဝန်ထမ်းများကို တတ်နိုင်သရွေ့ ရုံးပြန်တက်ရေး ဌာနအကြီးအကဲများက စေတနာထား ဆောင်ရွက်ရန်၊ သင်္ကြန်ကာလ လုံခြုံရေး အလေးထားဆောင်ရွက်ရန်နှင့် မီးဘေးအန္တရာယ် ကာကွယ်ရေး အထူးဂရုစိုက်ကြရန် ပြောကြားသည်။ ဆက်လက်၍ ဌာနဆိုင်ရာများ၏ တင်ပြချက်များကို ခရိုင်အုပ်ချုပ်ရေးမှူးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။



ဇော်ဝမ်းထွန်း(အောင်လံ)



## သုံးခွမြို့နယ် အဇာတ်ဝကျေးရွာတွင် ဆဋ္ဌမအကြိမ်မြောက် ဓမ္မစကူးလ် ဗုဒ္ဓဘာသာသင်တန်းဖွင့်ပွဲ ကျင်းပ

သုံးခွ မေ ၇

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အဇာတ်ဝကျေးရွာ သာသနာ့မာန်အောင် ဘုန်းတော်ကြီးကျောင်းတိုက်မှော်ရုံ၌ ဆဋ္ဌမအကြိမ်မြောက် ဓမ္မစကူးလ် ဗုဒ္ဓဘာသာသင်တန်းဖွင့်ပွဲကို မေ ၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် သာသနာ့မာန်အောင်ဘုန်းတော်ကြီးကျောင်းတိုက်ဆရာတော် ဦးပြဘာသထံမှ ဓမ္မစကူးလ်သင်တန်းသားသင်တန်းသူများက ငါးပါးသီလခံယူကာ ဆရာတော်က ဩဝါဒစကားမြွက်ကြားသည်။ အဆိုပါသင်တန်းကို တစ်ပတ်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ပြီး ကျေးရွာအတွင်းမှ အသက် ၁၂နှစ်နှင့်အထက် သင်တန်းသား သင်တန်း သူ ၈၂ ဦး တက်ရောက်ကြောင်း၊ နံနက် ၈နာရီမှ နံနက် ၁၀နာရီခွဲ တစ်ကြိမ်နှင့် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ တစ်ကြိမ် တစ်နေ့ နှစ်ကြိမ် သင်ကြားပို့ချမည် ဖြစ်ကြောင်း သိရသည်။

စည်သူလင်း (ပြန်/ဆက်)

# (၂၈) ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ တတိယနေ့အခမ်းအနားဆက်လက်ကျင်းပ

ရန်ကုန် မေ ၇

(၂၈) ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲ တတိယနေ့ကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) နှင့် နေပြည်တော်ရှိ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တို့၌ Online စနစ် Virtual Conference ဖြင့် တစ်ပြိုင်နက်တည်း ဆက်လက်ကျင်းပပြုလုပ်ရာ တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ကိုကိုလွင်၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ တပ်မှူးများ၊ တပ်ရင်းမှူးများ၊ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြု အရာရှိများ၊ သူနာပြုများ၊ စင်ကာပူ၊ လာအို၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံများမှဆေးပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။ ထို့အပြင် အခြားတပ်မတော် ဆေးရုံ/ ဆေးတပ်အသီးသီးသည် Internet မှတစ်ဆင့် နေရာ ၁၆၂ ခုမှ ပါရဂူ၊ ဆေးမှူး၊ သူနာပြု/ ကျွမ်းကျင်သူ စုစုပေါင်း ၆၇၄ ဦး တက်ရောက်ကြသည်။

ယင်းနေ့တွင် “Clinicopathological Conference”၊ “Special Talk” ၆ ခု၊ “Debate Session” နှင့် Symposium အဖြစ် “Update on Management of Cervical Cancer”၊ “Digital Dentistry”၊ “Brain and Cognition”၊ “E-learning: Meeting the Challenges”၊ “Therapy of Hepatitis B: Today and Tomorrow”၊ “Septicaemia: Challenges for Physician” နှင့် “Better Balance for Secure Movement” တို့အား ဆွေးနွေးကျင်းပပြုလုပ်ခဲ့သည်။

၎င်းအပြင် သုတေသနစာတမ်းများအဖြစ် ဆေးပညာ၊ ပြည်သူ့ကျန်းမာရေးဆေးပညာ၊ စိတ်ကျန်းမာရေးပညာနှင့် ဇီဝဓာတုဗေဒ စသည့်ဘာသာရပ်ဆိုင်ရာ စုစုပေါင်း သုတေသနစာတမ်း ၁၅ စောင်တို့ကို ဖတ်ကြားတင်သွင်းခဲ့ကြသည်။

ထို့နောက် ဆုရွေးချယ်ရေးအဖွဲ့မှ အကောင်းဆုံးသုတေသနစာတမ်းနှင့် ပိုစတာဆုများအတွက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများနှင့် Young Researcher Award ရရှိခဲ့သည့် သုတေသနစာတမ်း၊ ပိုစတာဆုရှင်များအား ကြေညာပြီးနောက် တပ်မတော် ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ကိုကိုလွင် က အမှာစကားပြောကြားကာ (၂၈)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အကြမ်းဖက်လက်နက်မျိုးစုံ ကိုင်ဆောင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်မှုကို တိုက်ခိုက်လာသည့် ဆူပူအကြမ်းဖက်သူများအား ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း

နေပြည်တော် မေ ၇

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ တာဟန်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနှင့် တောင်ဇလပ်ရပ်ကွက်၊ ကျန်စစ်သားလမ်းပေါ်တွင် ဆူပူအကြမ်းဖက်သူများက ယနေ့ နံနက် ၅ နာရီခွဲမှစ၍ အတားအဆီးများဖြင့် လမ်းအား ပိတ်ဆို့ထားရှိကြောင်း သိရှိရသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက အတားအဆီးများအား သွားရောက် ဖယ်ရှားရှင်းလင်းခဲ့သည်။

ထိုသို့ ဖယ်ရှားရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်စဉ် နံနက် ၈ နာရီတွင် ဆူပူအကြမ်းဖက်သူအင်အား ၁၀၀ ခန့်က လုံခြုံရေး တပ်ဖွဲ့ဝင်များကို ဟန့်တားနှောင့်ယှက်လာသဖြင့် တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်း မပြုလုပ်ရန်နှင့် လူစုခွဲရန် အကြိမ်ကြိမ်သတိပေး ပြောကြားခဲ့သည်။ ယင်းသို့ သတိပေး ပြောကြားခဲ့သော်လည်း ဆူပူအကြမ်းဖက်သူများ အနေဖြင့် လူစုမခွဲသည့်အပြင် လုံခြုံရေး တပ်ဖွဲ့ဝင်များကို ဂက်စ်သေနတ်များ၊ တူမီးသေနတ်များ၊ လက်လုပ်ဗုံးများ၊ လက်လုပ်သေနတ်များ၊ လေးခွများ၊ ဂျင်ကလီများ၊ ကျောက်ခဲများ၊ မီးပုလင်းများဖြင့် လူအင်အားသုံး၍ ရန်ပြုတိုက်ခိုက်လာခဲ့သဖြင့် ဆူပူအကြမ်းဖက်မှုနှိမ်နင်းရေး လုပ်ထုံးလုပ်နည်းအဆင့်ဆင့်နှင့်အညီ လူစုခွဲခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် လူစုကွဲသွားခဲ့သည်။

ထိုသို့ လူစုခွဲထိန်းသိမ်းစဉ် ဆူပူ အကြမ်းဖက်သူများအနက်




ရှေ့ဆုံးမှ ဦးဆောင်သူ အမျိုးသား ၁၈ ဦးကို ၎င်းတို့ကိုင်ဆောင်အသုံးပြုလာသည့် 12 bore ကျည်ဖြင့် ပစ်ခတ်ရသော လုပ်သေနတ် လေးလက်၊ လက်လုပ်သေနတ် ၁၁ လက်၊ ဂက်စ်သေနတ် ၁၂ လက်၊ တူမီးသေနတ် လေးလက်၊ လက်လုပ်ဗုံး ငါးလုံး၊ လက်လုပ်မိုင်း ရှစ်လုံး၊ 12 bore ကျည် ၄၁ တောင့်၊ မီးပုလင်း ရှစ်လုံး၊ ဝိုင်ယာကြိုး ရှစ်ခွေ၊ ဘက်ထရီ တစ်လုံး၊ သတ္တုဒိုင်း လေးခု၊ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် အခြားဆက်စပ်ပစ္စည်းများနှင့် အတူ ဖမ်းဆီး ထိန်းသိမ်းရမိခဲ့သည်။

ဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်သူများ၏ ရန်ပြုတိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အဆိုပါထိခိုက်ဒဏ်ရာရရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှုခံယူစေလျက်ရှိကြောင်း၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအား အသက်အန္တရာယ် ဖြစ်စေနိုင်သည့် လက်နက်များ အသုံးပြု၍ လက်နက်ကိုင် အကြမ်းဖက်သည့် (Insurrection) လုပ်ရပ်ဖြင့် အကြမ်းဖက်လာခဲ့သော်လည်း အဓိကရုဏ်းနှိမ်နင်းရေး လုပ်ငန်းစဉ်များနှင့် အညီ ထိန်းသိမ်း ဆောင်ရွက်ခဲ့ပြီး ဖမ်းဆီးရမိသူ ဦးဆောင်သူများအား ထိရောက်စွာအရေးယူသွားမည် ဖြစ်ကြောင်းနှင့် ကျန်ရှိသည့် ပါဝင်ပတ်သက်သူများကိုလည်းအမြန်ဆုံးဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ ဧပြီလ ၇ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကယားပြည်နယ် အတွင်းရှိ မြို့နယ် ၇ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင် အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်း စစ်ဆေးချက်များအရ ကယားပြည်နယ်အတွင်းရှိ မြို့နယ် ၇ မြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၁၂၉၁၆ ဦး။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၂၁၄၀၇၄ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၅၅၅၂ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြား အမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၉၃၀ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၆၆၈၀ ဦး ဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်း တွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | လွိုင်ကော်မြို့နယ် | ၈၁ | ၁၀၀၂၆၇ | ၉၄၅၁၂ | ၃၃၇၅ | ၆၅၈ | ၁၀၀၉၄ |
| ၂ | ဒီးမော့ဆိုမြို့နယ် | ၆၄ | ၅၆၆၇၄ | ၆၂၉၀၃ | ၂၃၉ | ၂၃၀ | ၄၇၃၈ |
| ၃ | ဖရူဆိုမြို့နယ် | ၃၇ | ၁၉၉၅၃ | ၂၃၂၉၄ | ၁၅၉ | ၃၆ | ၁၀၉၆ |
| ၄ | ရှားတောမြို့နယ် | ၉ | ၅၆၂၈ | ၅၀၈၇ | ၃၉ | ၃ | ၁၄၂ |
| ၅ | ဘောလခဲမြို့နယ် | ၁၆ | ၈၂၀၇ | ၇၈၆၇ | ၂၀ | | ၁၄၆ |
| ၆ | ဖားဆောင်းမြို့နယ် | ၁၇ | ၁၆၉၁၂ | ၁၅၈၁၄ | ၁၆၇၅ | | ၃၇၂ |
| ၇ | မယ်စဲမြို့နယ် | ၉ | ၅၂၇၅ | ၄၅၉၇ | ၄၅ | ၃ | ၉၂ |
| | ပြည်နယ်ချုပ် | ၂၃၃ | ၂၁၂၉၁၆ | ၂၁၄၀၇၄ | ၅၅၅၂ | ၉၃၀ | ၁၆၆၈၀ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ကယားပြည်နယ်အတွင်းရှိ မြို့နယ် ၇ မြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၇ မြို့နယ်တွင် မဲရုံပေါင်း ၂၃၃ ရုံ၊ စုစုပေါင်းထုတ်ယူ ရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၃၈၈၀၅ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၆၂၈၄၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၅၉၅၆၊ မြေပြင်လက်ကျန် ၇၅၂၇၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၂၄၆၈ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၇၈၈ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ် တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | လွိုင်ကော်မြို့နယ် | ၈၁ | ၁၀၉၆၃၉ | ၇၅၇၁၈ | ၃၃၉၂၁ | ၃၃၆၂၅ | ၉၉၄ | ၆၉၈ |
| ၂ | ဒီးမော့ဆိုမြို့နယ် | ၆၄ | ၆၄၉၈၄ | ၄၆၃၁၆ | ၁၈၆၆၈ | ၁၈၁၈၈ | ၆၁၉ | ၁၃၉ |
| ၃ | ဖရူဆိုမြို့နယ် | ၃၇ | ၂၃၉၀၉ | ၁၄၆၄၃ | ၉၂၆၆ | ၉၁၉၀ | ၃၇၄ | ၂၉၈ |
| ၄ | ရှားတောမြို့နယ် | ၉ | ၆၁၅၆ | ၄၃၁၁ | ၁၈၄၅ | ၁၈၇၁ | | ၂၆ |
| ၅ | ဘောလခဲမြို့နယ် | ၁၆ | ၉၇၄၁ | ၆၉၈၇ | ၂၇၅၄ | ၂၅၇၂ | ၂၄၁ | ၅၉ |
| ၆ | ဖားဆောင်းမြို့နယ် | ၁၇ | ၁၈၄၈၄ | ၁၀၄၃၄ | ၈၀၅၀ | ၈၃၇၈ | ၂၄၀ | ၅၆၈ |
| ၇ | မယ်စဲမြို့နယ် | ၉ | ၅၈၉၂ | ၄၄၄၀ | ၁၄၅၂ | ၁၄၅၂ | | |
| | ပြည်နယ်ချုပ် | ၂၃၃ | ၂၃၈၈၀၅ | ၁၆၂၈၄၉ | ၇၅၉၅၆ | ၇၅၂၇၆ | ၂၄၆၈ | ၁၇၈၈ |

၆။ ကယားပြည်နယ်အတွင်းရှိ မြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၁၁၅၈ ဦး လျော့နည်းနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၅၅၅၂ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ "အခန်း (၆) မဲစာရင်းပြုစုခြင်း"ပါ ပုဒ်မ ၁၅ (ဂ) တွင် **"မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်း တစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်း မရှိစေရ"** ဟု ပြဋ္ဌာန်းထားသော်လည်း ကယားပြည်နယ်၏ မဲဆန္ဒရှင်စာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၉၃၀ ဦး၊ ၂ ကြိမ် ပါဝင်နေသူ ၁၆၆၈၀ ဦးတို့ ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် ကယားပြည်နယ်၌ မဲစာရင်းများကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

၈။ ကယားပြည်နယ်အတွင်းရှိ မြို့နယ် ၇ မြို့နယ်၏ မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၁၆၂၈၅၇ ဦး ဖြစ်သော်လည်း ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များ အနက်မှ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၂၃၈၈၀၅ စောင် ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၇၅၉၄၈ စောင် ပိုမိုအသုံးပြုထားခြင်း၊

(ခ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၂၄၆၈ စောင် ပျောက်ဆုံးနေခြင်း၊

(ဂ) အချို့မဲရုံများတွင် မဲလက်မှတ်အပို ၁၇၈၈ စောင် တွေ့ရှိရခြင်း၊

(ဃ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင်ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခြင်း၊

(င) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

(စ) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၉။ ကယားပြည်နယ်အတွင်းရှိ မြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးရာတွင် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ မဲဆန္ဒရှင်ဦးရေထက် ဆန္ဒမဲလက်မှတ်များ ပိုမိုသုံးစွဲထားခြင်းတို့ကို စိစစ်တွေ့ရှိရသဖြင့် သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ဂျပန်နိုင်ငံ အနောက်ပိုင်း အိုဆာကာခရိုင်တွင် ဆေးဘက်ဆိုင်ရာ အနီရောင်သတိပေးမှုကို ကြေညာခဲ့

အိုဆာကာ ဧပြီ ၇

ဂျပန်နိုင်ငံ အနောက်ပိုင်း အိုဆာကာခရိုင်တွင် ဆေးဘက်ဆိုင်ရာ အနီရောင်သတိပေးမှုကို ကြေညာခဲ့ရသလို ဧပြီ ၇ ရက်က ကိုဗစ်-၁၉ ထပ်မံအတည်ပြုလူနာ ၈၇၈ ဦးရှိကြောင်း မှတ်တမ်းတင်ဖော်ပြခဲ့သည်။ အိုဆာကာခရိုင်၏ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် သီတင်းပတ်တစ်ပတ်ကျော်ကာလအတွင်း တိုကျို၏ ကိုဗစ်-၁၉ နေ့စဉ်ကူးစက်ဖြစ်ပွားမှု ပမာဏကို ကျော်လွန်ခဲ့သည်။



အိုဆာကာခရိုင်အုပ်ချုပ်ရေးမှူး ယိုရှီမူရာ ဟီရိုဖူမီ။

အိုဆာကာခရိုင်အုပ်ချုပ်ရေးမှူးယိုရှီမူရာ ဟီရိုဖူမီက ဆေးဘက်ဆိုင်ရာစနစ်သည် ခက်ခဲသော အခြေအနေနှင့် ရင်ဆိုင်နေရသောကြောင့် ဆေးဘက်ဆိုင်ရာ အရေးပေါ်အခြေအနေကို ကြေညာခဲ့ရကြောင်း ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ လူနာအလျင်အမြန် တိုးလာပြီးနောက် အိုဆာကာခရိုင်ရှိ ဆေးရုံများတွင် လူနာတင်ခုတင်များ ပံ့ပိုးပေးရန် ကြိုးစားရုန်းကန်နေရသည်။ ရောဂါပြင်းထန်သော လူနာများအတွက် အသုံးပြုရန် ခုတင်လိုအပ်ချက် ပိုမိုများလာသည်။

အိုဆာကာခရိုင် အရာရှိတစ်ဦးက လက်ရှိဆေးရုံခုတင်များသည် မမျှော်လင့်သော အနေအထားဖြင့် လိုအပ်ချက်များပြားလာကြောင်း ပြောကြားလိုက်သည်။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်သည် ထူးခြားသော အဆင့်သို့ ဝင်ရောက်လာကြောင်းနှင့် အသက်အရွယ်အားလုံး ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း ၎င်းက ပြောသည်။

အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်ကူးစက်ပျံ့နှံ့မှုကို အုပ်ချုပ်ရေးမှူး ယိုရှီမူရာက သတိပေးထားသည်။ အိုဆာကာခရိုင်၌ ကိုဗစ်-၁၉ ဆန့်ကျင်ရေးတင်းကျပ်သည့် ဆောင်ရွက်ချက်များ ချမှတ်ထားသည်။ သက်ဆိုင်ရာ အာဏာပိုင်များက အိုဆာကာဒေသခံများကို မလိုအပ်ဘဲ အပြင်ထွက်ခြင်း မပြုရန်နှင့် ခရီးသွားလာခြင်းမပြုရန် တောင်းဆိုထားကြောင်း သိရသည်။

ထို့အပြင် လာမည့်သီတင်းပတ်တွင် အိုဆာကာရှိ အများပြည်သူလမ်းပေါ်၌ အိုလံပစ်လက်ဆင့်ကမ်း မီးရှူးတိုင်သယ်ဆောင်ခြင်းကို ဖျက်သိမ်းမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အင်န်အိတ်ချ်ကေ



မလေးရှားနိုင်ငံ ပီနန်ပြည်နယ်ရှိ ဈေးဝယ်ကုန်တိုက်တစ်ခုအတွင်းသို့ ဝင်ရောက်မည့် ဈေးဝယ်တစ်ဦးအား လုံခြုံရေးဝန်ထမ်းတစ်ဦးက အပူချိန်တိုင်းတာစစ်ဆေးနေသည်ကို တွေ့ရစဉ်။

# ဖိလစ်ပိုင်နိုင်ငံတွင် အသက် ၆၀ နှင့်အထက် သက်ကြီးနိုင်ငံသားများ ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူနိုင်ပြီ

မနီလာ ဧပြီ ၇

ဖိလစ်ပိုင်နိုင်ငံ၏ အစားအစာနှင့် ဆေးဝါး ကွပ်ကဲရေးဌာနက သက်ကြီးနိုင်ငံသားများအတွက် တရုတ်နိုင်ငံ၏ ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အသုံးပြုရန် ခွင့်ပြုချက်ပေးပြီးနောက် ဖိလစ်ပိုင်နိုင်ငံတွင် အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုများအနေဖြင့် တရုတ်နိုင်ငံ၏ ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှု ခံယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးကျွမ်းကျင်သူများ၏ အကြံပေးချက်များ၊ လတ်တလော ကိုဗစ်-၁၉ ကူးစက်မှု တိုးနေခြင်းများ၊ သတ်မှတ်ကာကွယ်ဆေးရရှိနိုင်သည့် အခြေအနေများကို စဉ်းစားပြီးနောက် ဖိလစ်ပိုင်နိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက သက်ကြီးနိုင်ငံသားများအတွက် ဆီနိုဗက်ကာကွယ်ဆေးကို အသုံးပြုရန် ခွင့်ပြုချက်ပေးခဲ့ခြင်းဖြစ်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ ညွှန်ကြားရေးမှူးချုပ် အန်းရစ်ဒိုမင်ဂိုက ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ဒိုမင်ဂိုက ကာကွယ်ဆေးထိုးရာ၌ အထိုးခံမည့်သူ၏ ကျန်းမာရေးအခြေအနေ၊ ကာကွယ်ဆေးကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို ချင့်ချိန်တွက်ဆသင့်ပါကြောင်း ပြောကြားသည်။

တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအသုတ် မနီလာသို့ ရောက်ရှိလာပြီးနောက် ဖိလစ်ပိုင်နိုင်ငံသည် ၎င်း၏ ကာကွယ်ဆေးထိုးခြင်း အစီအစဉ်ကို မတ် ၁ ရက်က စတင်ခဲ့သည်။

လူဦးရေ သန်း ၁၁၀ နေထိုင်သော ဖိလစ်ပိုင်နိုင်ငံ၌ ယခုအခါတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၈၁၉၁၆၄ ဦးရှိလာပြီး ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၄၀၅၉ ဦး ရှိလာကြောင်း သိရသည်။

ဆင်ဟွာ

# မလေးရှားနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၃၉ ဦးတိုးလာပြီး စုစုပေါင်း ကိုဗစ်လူနာ သုံးသိန်းခွဲကျော်အထိ ရှိလာ

ကွာလာလမ်ပူ ဧပြီ ၇

မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ လူနာသစ် နောက်ထပ် ၁၁၃၉ ဦးတိုးလာမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်အတည်ပြုလူနာပေါင်း ၃၅၄၄၆၈ ဦးတိုးလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၇ ရက်က ပြောကြားလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန် အဗ္ဗဒူလာက ကိုဗစ်-၁၉ ကူးစက်မှု ၁၃ ခုမှာ ပြည်ပကူးစက်မှုဖြစ်ကာ ၁၁၂၆ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် နောက်ထပ် သေဆုံးသူ လေးဦးရှိလာကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် စုစုပေါင်းသေဆုံးသူ ၁၃၀၄ ဦးရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည် ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ နောက်ထပ် ၁၁၉၉ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ရောဂါပျောက်ကင်းပြီး ဆေးရုံမှ ဆင်းလာသူပေါင်း ၃၃၉၀၆၇ ဦး သို့မဟုတ် ၉၅ ဒသမ ၇ ရာခိုင်နှုန်း ရှိလာခဲ့သည်။

လတ်တလောတွင် ကိုဗစ်-၁၉ ကူးစက်ခံစားနေရသူပေါင်း ၁၄၀၉၇ ဦးရှိသည့်အနက် ၁၉၄ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိပြီး ၈၆ ဦးမှာ အသက်ရှူအထောက်အကူပြုကိရိယာ လိုအပ်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ


ဖိလစ်ပိုင်နိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းတစ်ဦး ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုခံယူနေသည်ကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံ ပန်ဂျပ်တွင် ညမထွက်ရအမိန့်ကို ဧပြီ ၃၀ ရက်အထိ ထုတ်ပြန်

ပန်ဂျပ် ဧပြီ ၇

အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ် ဝန်ကြီးချုပ် အာမာရင်ဒါဆင်းက ပန်ဂျပ်ပြည်နယ်တစ်ဝန်း ညမထွက်ရအမိန့်ကို ဧပြီ ၃၀ ရက်အထိ ထုတ်ပြန်လိုက်ကြောင်းနှင့် ကိုဗစ်-၁၉ ကူးစက်မှုတိုးနေစဉ်အတွင်း နိုင်ငံရေးစုဝေးမှုများကိုလည်း တားမြစ်ကြောင်း ဧပြီ ၇ ရက်က ကြေညာချက်ထုတ်ပြန်လိုက်သည်။

ဒေသစံတော်ချိန် ည ၉ နာရီမှ နံနက် ၅ နာရီအထိ ညမထွက်ရအမိန့်ကို ဆန့်ကျင်သူများအား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ကူးစက်ရောဂါဆိုင်ရာ ဥပဒေပြစ်မှုမှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ဆင်းက ပြောကြားလိုက်သည်။ ဝန်ကြီးချုပ်သည် အသုဘအခမ်းအနားတက်ရောက်သူများနှင့် မင်္ဂလာအခမ်းအနားတက်ရောက်သူများကိုလည်း အမိုးအကာအောက် မိုးလုံလေလုံနေရာ၌ ၅၀၊ ပြင်ပ၌ ၁၀၀ အထိ လျှော့ချလိုက်သည်။ ထို့အပြင် အစိုးရသည် အစိုးရရုံးများအားလုံး၌ နာခေါင်းစည်းတပ်ဆင်ရမည့် အမိန့်ကိုလည်း ထုတ်ပြန်လိုက်ကြောင်း သိရသည်။

တစ်ပတ်အတွင်း ကိုဗစ်-၁၉ အခြေအနေကို ပြန်လည်သုံးသပ်ပြီးနောက် ယခုလို ကိုဗစ်-၁၉ ဆိုင်ရာ တားမြစ်ကန့်သတ်ချက်များကို ပြဋ္ဌာန်းရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ ထို့အပြင် ဆင်းက ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ တိုးလာနိုင်ခြင်းနှင့် သေဆုံးမှုနှုန်း တိုးလာခြင်းများအပေါ် စိုးရိမ်ပူပန်မိကြောင်း ပြောကြားလိုက်သည်။

အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ပြန်လည်တိုးလာသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဧပြီ ၇ ရက်က ကိုဗစ်-၁၉ ထပ်မံ ကူးစက်ဖြစ်ပွားသူ ၁၁၅၇၃၆ ဦး ရှိလာပြီး သေဆုံးသူ ၆၃၀ ရှိသည်။ ဆင်ဟွာ

# ကိုဗစ်-၁၉ ကာကွယ်ဆေးအစီအစဉ် ဆက်လက်အကောင်အထည်ဖော်ဖို့ အခက်အခဲဖြစ်နေတဲ့ လက်ဘနွန်

ထွန်းကျော်

ကမ္ဘာ့ ကိုဗစ်-၁၉ ကာကွယ်ဆေးအစီအစဉ်ဖြစ်တဲ့ ကိုဗက်အစီအစဉ်ဟာ လက်ဘနွန်နိုင်ငံမှာ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ကာကွယ်ဆေးနဲ့သက်ဆိုင်တဲ့ သတင်းအမှားတွေ၊ ကာကွယ်ဆေးနှောင့်နှေးမှုတွေနဲ့ အစိုးရတွေရဲ့ မယုံကြည်ရမှုတွေဟာ လက်ဘနွန်မှာ ကာကွယ်ဆေးဖြန့်ဝေတဲ့နေရာမှာတော့ အခက်အခဲ အကျပ်အတည်းတွေပဲ ဖြစ်ပါတယ်။

**အခက်အခဲတွေရှိနေ**

သက်ဆိုင်ရာ အေဂျင်စီတွေနဲ့ စုဖွဲ့ထားတဲ့ လုပ်ငန်းတစ်ခုဖြစ်တဲ့ ကိုဗက်အစီအစဉ်ဟာ ကမ္ဘာတစ်ဝန်းလုံးကို ကိုဗစ်-၁၉ ကာကွယ်ဆေး ရရှိအောင် ဖြန့်ဝေပေးနေတဲ့ အဖွဲ့တစ်ဖွဲ့ ဖြစ်ပါတယ်။ အထူးသဖြင့် ဝင်ငွေနည်းနိုင်ငံတွေအတွက် ကာကွယ်ဆေး ဖြန့်ဝေတဲ့နေရာမှာ နစ်နာမှုမရှိဘဲ ကာကွယ်ဆေးကို မျှမျှတတဖြန့်ဝေဖို့ အဲဒီအဖွဲ့က ရည်ရွယ်ပါတယ်။ အဲဒီအဖွဲ့မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ယူနီဆက်ဖ် အပါအဝင် အဖွဲ့အစည်းအတော်များများ ပါဝင်ပါတယ်။ ကိုဗက် အစီအစဉ်အရ နိုင်ငံနဲ့ ဒေသပေါင်း ၇၄ ခုကို ဧပြီ ၁ ရက်အထိ ကာကွယ်ဆေး ၃၃ သန်းကို ဖြန့်ဝေပေးခဲ့ပြီးပါပြီ။ ဒါပေမယ့် ပြည်သူတွေ ကာကွယ်ဆေးထိုးနှံဖို့ လုပ်ဆောင်တဲ့နေရာမှာတော့ အခက်အခဲတွေ ရှိပါတယ်။

**ဆင်းရဲဒုက္ခနွံထဲ သက်ဆင်းစေ**

အဲဒီထဲမှာ လက်ဘနွန်နိုင်ငံလည်း အပါအဝင် ဖြစ်ပါတယ်။ လက်ဘနွန်နိုင်ငံဟာ မတ် ၂၄ ရက်မှာ ကိုဗက်အစီအစဉ်အရ အက်စ်ထရာဇနီကာ ကာကွယ်ဆေးအလုံးရေ ၃၃၆၀၀ ကို လက်ခံရရှိခဲ့ပါတယ်။

လက်ဘနွန်နိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၆၀၀၀၀ ရှိပါတယ်။ ထို့အပြင် လူပေါင်း ၄၀ ကျော် ကိုဗစ်-၁၉ ကြောင့် နေ့စဉ် သေဆုံးခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ် ဩဂုတ်မှာဖြစ်ပွားခဲ့တဲ့ ပေါက်ကွဲမှု ကြောင့် စီးပွားရေးအကျပ်အတည်းအပြင် ကိုဗစ်-၁၉ စီးပွားရေး အကျပ်အတည်းကြောင့် လက်ဘနွန်ပြည်သူများစွာကို ဆင်းရဲဒုက္ခနွံ ထဲ သက်ဆင်းစေပါတယ်။

**ပြဿနာပေါင်း သောင်းခြောက်ထောင်ဖြစ်ပေါ်လာစေနိုင်**

ကိုဗက်အစီအစဉ်ဖြင့် ကာကွယ်ဆေးများ ဖြန့်ဝေတဲ့နေရာမှာ ပြဿနာပေါင်း သောင်းခြောက်ထောင် ဖြစ်ပေါ်လာနိုင်တယ်လို့ ယူနီဆက်ဖ်ရဲ့ လက်ဘနွန်ဌာနေကိုယ်စားလှယ် မိုကိုအူယူကီက ပြောကြားလိုက်ပါတယ်။

ကိုဗစ်-၁၉ ကာကွယ်ဆေးကို အဓိကထား အာရုံစိုက်နေပါတယ် ဆိုမှ လက်ဘနွန်မှာကတော့ ကာကွယ်ဆေးဟာ အဓိကမဟုတ်ပါဘူး လို့ သူကပြောပါတယ်။ ယူနီဆက်ဖ်က ဆေးထိုးအပ်တွေ၊ နှာခေါင်း စည်းတွေ၊ တစ်ကိုယ်ရေသုံး ထုတ်ကုန်တွေကို စိတ်ချရအောင် လုပ်ဆောင်နေပါတယ်။ ဒါပေမယ့် လူတိုင်းကာကွယ်ဆေး မထိုးဘူးဆိုရင် လက်ဘနွန်မှာရှိတဲ့ အားလုံးသော အခြေအနေဟာ ဖရိုဖရဲဖြစ်ကုန်မယ့် အနေအထားဖြစ်ပါတယ်။

**အသက်အန္တရာယ်ရှိသူတွေ ဦးစားပေးရေး**

လက်ဘနွန်ကာကွယ်ဆေးထိုးရေး အစီအစဉ်ဟာ အချက်အလက် တွေအရ ရှုပ်ထွေးမှုတွေရှိပါတယ်။ ဒါကြောင့်ပဲ လက်ဘနွန်ဟာ သင့်တော်တဲ့ ဒုက္ခသည်အရေအတွက်ကိုပဲ စဉ်းစားသွားမှာ ဖြစ်ပါ တယ်။ အဲဒီဒုက္ခသည်တွေမှာ အိမ်နီးချင်းဆီးရီးယားနိုင်ငံက ဒုက္ခသည် အရေအတွက် ၁ ဒသမ ၅ သန်းလည်း ပါဝင်ပါတယ်။

ယူနီဆက်ဖ်ဟာ ကာကွယ်ဆေးထိုးပေးမယ့် ဒုက္ခသည်အရေ အတွက်ထဲမှာ အသက်အန္တရာယ်ရှိနေတဲ့ ဦးစားပေးသူတွေ ပါဝင်ရေး အတွက် လက်ဘနွန်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။



အပျက်အစီးပုံများအကြားမှ လက်ဘနွန်ကလေးငယ်တစ်ယောက်ကို တွေ့ရစဉ်။

**ကာကွယ်ဆေးထိုးဖို့ ၂ ရာခိုင်နှုန်းသာ စာရင်းပေး**

အခုချိန်အထိ ဒုက္ခသည်အနည်းငယ်သာ ကာကွယ်ဆေးထိုးမယ့် အစီအစဉ်ကို သိပါတယ်။ လက်ဘနွန်နိုင်ငံရဲ့ ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာနရဲ့ သတင်းအချက်အလက်အရ ကာကွယ်ဆေးထိုးဖို့အတွက် ဒုက္ခသည်လူဦးရေ ၂ ရာခိုင်နှုန်းသာ စာရင်းပေးထားပါတယ်။

ဒုက္ခသည်လူဦးရေ အများအပြားရှိတဲ့ အရှေ့ပိုင်း အယ်လ်ဘလာ ဒေသမှာ ဒေသခံများစွာဟာ ကာကွယ်ဆေးထိုးဖို့ ဒီလိုစာရင်းပေးတဲ့ အစီအစဉ်ရှိတယ်ဆိုတာကိုတောင် မသိကြပါဘူး။ လူအများစုဟာ နှာခေါင်းစည်းတောင် မတပ်ဆင်ကြပါဘူး။ အဲဒီဒေသရဲ့ ကိုဗစ်-၁၉ တုံ့ပြန်ရေးညှိနှိုင်းဆောင်ရွက်ရေးမှူး ရီမာ ဆီမန်းက ဒုက္ခသည်များဟာ ကိုဗစ်-၁၉ ကပ်ရောဂါဟာ အခြေအနေ ဘယ်လောက်ဆိုးသလဲဆိုတာ ကိုတောင် နားလည်ကြပုံ မပေါ်ပါဘူးလို့ ပြောပါတယ်။

**အအေးမိတာမျိုးလောက်ပဲထင်**

သူတို့က ကိုဗစ်-၁၉ ဆိုတာ သာမန်အအေးမိတာမျိုးလိုပဲ ထင်နေ ကြပါတယ်။ ပြီးတော့လည်း ကုသလို့ရနိုင်တယ်လို့ ထင်နေကြပါတယ် လို့ သူကပြောပါတယ်။ ပြည်သူတွေအနေနဲ့ ဒီကိုဗစ်-၁၉ဟာ သေစေနိုင်တယ်ဆိုတာကို အသိပညာပေးဖို့ လိုတယ်လို့ သူက ပြောပါတယ်။

ယူနီဆက်ဖ်ဆက်သွယ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအရာရှိ ယိုဆူမီဟိုကိုက ကိုဗစ်-၁၉ ကာ ကွယ်ဆေးထိုးပေး စာရင်းပေးတဲ့ နှုန်းနည်းနေတာဟာ လက်ဘနွန်နိုင်ငံရဲ့ ဘဏ္ဍာရေးအခြေအနေနဲ့ သက်ဆိုင်မှုရှိမယ်လို့ ပြောပါတယ်။

**စီးပွားရေးနဲ့ နိုင်ငံရေးအခြေအနေ အလွန်ဆိုး**

စီးပွားရေးနဲ့ နိုင်ငံရေးအခြေအနေဟာ အလွန်ဆိုးပါတယ်။ လူတိုင်းဟာ ဒါကို အဆုံးသတ်ဖို့ ရုန်းကန်နေကြရပါတယ်။ နိုင်ငံ တစ်နိုင်ငံရဲ့ ဆင်းရဲတဲ့နှုန်းဟာ ၂၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ တိုးလာပါတယ်။ လူတွေဟာ ကာကွယ်ဆေးထိုးဖို့ထက် ဘယ်လိုမျိုး အသက်ရှင်နေထိုင်ကြမလဲဆိုတာကို ပိုပြီးစိုးရိမ်ပူပန်နေကြပါတယ်။

ဆိုးရွားလှတဲ့ စီးပွားရေးအခြေအနေဟာ အစိုးရရဲ့ မယုံကြည်ရမှု ကြီးထွားလာတဲ့အပေါ် တစ်ပူပေါ် နှစ်ပူဆင့်လိုက်သလို ဖြစ်ပါတယ်။ သမ္မတ၊ သူ့ဇနီးနဲ့ အစိုးရအဖွဲ့ဝင်တွေဟာ ဖေဖော်ဝါရီလမှာ ကာကွယ်ဆေးထိုးခဲ့ပါတယ်။ ဒီကိစ္စကို ကမ္ဘာ့ဘဏ်က ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ပါတယ်။ ကမ္ဘာ့ဘဏ်ဟာ နိုင်ငံရဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး ရေး အစီအစဉ်တွေအတွက် အမေရိကန်ဒေါ်လာ ၃၄ သန်း သဘောတူ ခဲ့ပါတယ်။ အဲဒီသဘောတူညီမှုမှာ ပထမဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေးကို တကယ့်လိုအပ်သူတွေဆီ အရောက် ပို့ပေးဖို့ ပါဝင်ပါတယ်။ အဲဒီလိုမှ မလုပ်ဘူးဆိုရင် ကမ္ဘာ့ဘဏ်က ဘဏ်ငွေပေးမှုကို ရပ်ဆိုင်းမယ်လို့ ခြိမ်းခြောက်ပါတယ်။

**သတင်းမှားတွေက ကမောက်ကမဖြစ်စေ**

သတင်းမှားတွေဟာလည်း ကာကွယ်ဆေးထိုးပေးတဲ့နေရာမှာ ရည်ရွယ်ချက်တွေအပေါ် ကမောက်ကမဖြစ်စေပါတယ်။ ပူနေတဲ့ရေကို သောက်ခြင်းနဲ့ နေပူဆာလှုံခြင်းဟာ ကူးစက်မှုကို ကာကွယ်နိုင်တယ်လို့ ယူနီဆက်ဖ်က ပြောကြားသယောင်ယောင် တချို့ လူမှုမီဒီယာတွေမှာ ဖော်ပြခဲ့ကြပါတယ်။

ယူနီဆက်ဖ်ရဲ့ မိုကိုအူယူကီက ဆင်းရဲတဲ့ လူမှုအသိုင်းအဝိုင်းမှာ သတင်းမှားတွေ ဖြန့်ဝေဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စတစ်ခု ဖြစ်တယ်လို့ သတိပေးပြောကြားလိုက်ပါတယ်။ ဒါပေမယ့် အရေးကြီးဆုံး အချက်ကတော့ တကယ်အားကိုးလောက်တဲ့ အချက်အလက်တွေ ရရှိရေးပဲဖြစ်တယ်လို့ သူကပြောလိုက်ပါတယ်။

**ဘာသာရေးအကြောင်းပြချက်ကြောင့် ဝေးဝေးရှောင်**

တချို့လူတွေကတော့ ဘာသာရေးအကြောင်းပြချက်တွေကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေးမှ ဝေးဝေးရှောင်ကြဉ်ရမယ်လို့ ဖော်ပြကြ ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြံပေးကော်မတီက ဝက်ဆင်နှင့် ဝက်ဆင်ကထုတ်တဲ့ ကာကွယ်ဆေးဟာ ဘာသာရေးနဲ့ ကိုက်ညီမှု ရှိတယ်လို့ အတည်ပြုပြောကြားလိုက်ပါတယ်။

ဒီလိုအကြောင်းပြချက်တွေကြောင့် လက်ဘနွန်အစိုးရဟာ ဒီနှစ် အကုန်မှာ သူ့လူဦးရေရဲ့ ၃၅ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးဖို့ မနည်းစီစဉ်ရမှာဖြစ်ပါတယ်။ ဒီရည်မှန်းချက်ကို ရောက်ရှိဖို့ဆိုရင် မိုကိုက ကိုဗက်ရဲ့ စွမ်းဆောင်မှုဟာလည်း အရေးပါတယ်လို့ ပြောပါ တယ်။ ကာကွယ်ဆေးတွေကို လူမျိုး၊ ဘာသာမရွေး တစ်ပြေးညီပေးဖို့ လိုတယ်လို့ ပြောကြားလိုက်ပါတယ်။ ။

ကိုးကား - အင်န်အိတ်ချ်ကေ

**“ကိုဗစ်-၁၉ ကာကွယ်ဆေးကို အဓိကထား အာရုံစိုက်နေပါတယ်ဆိုမှ လက်ဘနွန်မှာကတော့ ကာကွယ်ဆေးဟာ အဓိကမဟုတ်ပါဘူးလို့ သူကပြောပါတယ်။ ယူနီဆက်ဖ်က ဆေးထိုးအပ်တွေ၊ နှာခေါင်းစည်းတွေ၊ တစ်ကိုယ်ရေသုံး ထုတ်ကုန်တွေကို စိတ်ချရအောင်လုပ်ဆောင်နေပါတယ်။ ဒါပေမယ့် လူတိုင်းကာကွယ်ဆေး မထိုးဘူးဆိုရင် လက်ဘနွန်မှာရှိတဲ့ အားလုံးသော အခြေအနေဟာ ဖရိုဖရဲဖြစ်ကုန်မယ့် အနေအထားဖြစ်”**



လားရှိုးမြို့၌ ဆရာတော်ကြီးတစ်ပါးအား COVID– 19 ကာကွယ်ဆေး ထိုးနှံပေးစဉ်။

## ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား COVID– 19 ရောဂါ ကာကွယ်ဆေးထိုးနှံ

နေပြည်တော် မေ ၇

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများကို COVID–19ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ ကလောမြို့၊ ရပ်စောက်မြို့၊ ညောင်ရွှေမြို့၊ ပင်လောင်းမြို့၊ ပင်းတယမြို့၊ ရွာငံမြို့၊ ဟိုပုံးမြို့၊ ဆီဆိုင်မြို့၊ ဖယ်ခုံမြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၊ ကြံခင်းမြို့၊ ပန်းတနော်မြို့၊ အင်္ဂပူမြို့နှင့် ကန်ကြီးထောင့်မြို့၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး COVID– 19 ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး သံဃာတော်များအား ဖူးမြော်ကြည်ညို၍ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်




### ၇-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၅၆၂၁၀၇ | ၂၆၁၂၂၅၂၈ | ၅၉၀၂၇၉ |
| ၂။ | ဘရာဇီး | ၁၃၁၀၆၀၅၈ | ၁၁၅၅၈၇၈၄ | ၃၃၇၃၆၄ |
| ၃။ | အိန္ဒိယ | ၁၂၈၂၃၄၆၈ | ၁၁၇၉၉၃၀၆ | ၁၆၆၃၁၂ |
| ၄။ | ပြင်သစ် | ၄၈၄၁၃၀၈ | ၃၀၁၂၉၉ | ၉၇၂၇၃ |
| ၅။ | ရုရှား | ၄၆၀၆၁၆၂ | ၄၂၂၉၄၈၀ | ၁၀၁၄၈၀ |
| ၆။ | ဗြိတိန် | ၄၃၆၄၅၂၉ | ၃၉၂၂၆၃ | ၁၂၆၈၈၂ |
| ၇။ | အီတလီ | ၃၆၈၆၇၀၇ | ၃၀၁၉၂၅၅ | ၁၁၁၇၄၇ |
| ၈။ | တူရကီ | ၃၅၇၉၁၈၅ | ၃၁၅၉၄၇၅ | ၃၂၆၆၇ |
| ၉။ | စပိန် | ၃၃၁၇၉၄၈ | ၃၀၈၀၄၆၆ | ၇၅၉၁၁ |
| ၁၀။ | ဂျာမနီ | ၂၉၁၄၄၄၀ | ၂၆၁၄၅၀၀ | ၇၇၉၀၉ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၇ - ၅ - ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံးလူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၅၄၇၃၇၆ | ၁၃၉၁၇၄၂ | ၄၂၀၆၄ |
| ဖိလစ်ပိုင် | ၈၁၉၁၆၄ | ၆၄၆၄၀၄ | ၁၄၀၅၉ |
| မလေးရှား | ၃၅၄၄၆၈ | ၃၃၉၀၆၇ | ၁၃၀၄ |
| မြန်မာ | ၁၄၂၅၄၉ | ၁၃၁၈၃၄ | ၃၂၀၆ |
| စင်ကာပူ | ၆၀၅၅၄ | ၆၀၂၆၀ | ၃၀ |
| ထိုင်း | ၂၉၉၀၅ | ၂၈၀၆၉ | ၉၅ |
| ကမ္ဘောဒီးယား | ၂၉၁၅ | ၁၈၂၄ | ၂၂ |
| ဗီယက်နမ် | ၂၆၅၉ | ၂၄၂၉ | ၃၅ |
| ဘရူနိုင်း | ၂၁၄ | ၁၉၇ | ၃ |
| လာအို | ၄၉ | ၄၇ | ၀ |

# မွန်ပြည်နယ် ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအေးဇံ အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

နေပြည်တော် မေ ၇

မွန်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအေးဇံသည် ဝန်ကြီးချုပ်ရာထူးနှင့် လုပ်ပိုင်ခွင့်ကိုအကြောင်းပြု၍ စီးပွားရေးလုပ်ငန်းရှင်များထံမှ ငွေကြေးများ ရယူသုံးစွဲခဲ့မှုများအပေါ် ဥပဒေနှင့်အညီ အရေးယူပေးပါရန် တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏စစ်ဆေးတွေ့ရှိချက်အရ မွန်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအေးဇံသည် မွန်ပြည်နယ်အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူဆောင်ရွက်သည့် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်ကာလအတွင်း တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်၍ ၂၀၁၈ ခုနှစ်မှ စတင်၍ သံလွင်မြစ်အတွင်း သဲများစုပ်ယူထုတ်လုပ်ခဲ့ရာတွင် လုပ်ငန်းရှင်များထံမှ စုစုပေါင်း ငွေကျပ် ၅၆၉၈၀၉၀၀၀/- (ကျပ်သိန်းငါးထောင်ခြောက်ရာ ကိုးဆယ်ကျော်)ကို ဝန်ကြီးချုပ်က လက်ခံရယူခဲ့ကြောင်း၊ သဲသောင်တူးဖော်ရေးလုပ်ငန်းတွင် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေစာရင်းသို့ အမှန်တကယ်ပေးသွင်းရမည့် ခတ်သတ္တုခွန်အား လုပ်ပိုင်ခွင့်မရှိဘဲ လျှော့နည်းပေးသွင်းရန် ခွင့်ပြုခဲ့ခြင်းကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်မှရရှိမည့် ဘဏ္ဍာငွေကျပ် ၁၃၂၃၅၇၀၀၀/- (ကျပ်သိန်းတစ်ထောင်သုံးရာနှစ်ဆယ်ကျော်) နစ်နာဆုံးရှုံးခဲ့ကြောင်း၊ Covid-19 ရန်ပုံငွေများမှ ငွေကျပ်သိန်း (၂၀၀)ကို ပုဂ္ဂိုလ်ရေးအရ အခြားသူတစ်ဦးသို့ ချေးငှထုတ်ပေးခဲ့ပြီး ပြန်လည်ပေးဆပ်မှုမရှိခြင်း၊ အခြားပုဂ္ဂိုလ်နှစ်ဦးသို့ ငွေကျပ်သိန်း(၆၅၀) ထုတ်ပေးခဲ့ပြီး ပြန်လည်ပေးဆပ်မှု မရှိခြင်းတို့သည် နိုင်ငံတော်၏ ငွေကြေးပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဒေါက်တာအေးဇံ အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ မွန်ပြည်နယ် မော်လမြိုင်မြို့ မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

သတင်းစဉ်

# အမေရိကန်စင်တာကို သေနတ်ဖြင့်ပစ်ခတ်ခဲ့သူအား ဖမ်းဆီးရမိ

နေပြည်တော် မေ ၇

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းယားလမ်းရှိ အမေရိကန်စင်တာအား မတ်လ ၂၇ ရက် နံနက် ၇ နာရီတွင် သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရှိရသည့်အတွက် တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ အမေရိကန်စင်တာ အင်းယားလမ်း၊ လူဝင်ပေါက်လုံခြုံရေးအခန်းရှိ မှန်ချပ်တွင် ထိမှန်ရာ ၇ ချက် ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။



အမေရိကန်စင်တာကို သေနတ်ဖြင့်ပစ်ခတ်ခဲ့သူ အေးသော်ကောင်းအား ဖမ်းဆီးရမိသည်ကို တွေ့ရစဉ်။

ထိုသို့ ပစ်ခတ်ခဲ့သူအား ဖမ်းဆီးရမိရေးအတွက် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အမေရိကန်စင်တာကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သူဖြစ်သည့် အေးသော်ကောင်း(ဘ)ဦးတင့်လွင် အသက် ၃၄ နှစ်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ၁၂/ကမရ(နိုင်) ၀၅၄၅၆၅ ကိုင်ဆောင်သူအား မတ် ၃၀ ရက် နံနက် ၉ နာရီခန့်တွင် အမှတ်(၇၄-ဒီ)၊ သံလွင်လမ်း ဗဟန်းမြို့နယ်နေအိမ်၌ မာစီဒီးယာဉ်အမှတ်၊ YGN 3P-5569 နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်း၏ ပြောကြားချက်အရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် Online မှတစ်ဆင့် ရောင်းချသော Gas လေအိုးဖြင့် ပစ်ခတ်ရသည့် အနက်ရောင်ပစ္စတိုသေနတ် ၁ လက်နှင့် ဆက်စပ်ခဲသီး ကျည် ၁၅၀ တို့ကို ငွေကျပ် ၁၉၀,၀၀၀ ဖြင့် မှာယူခဲ့ရာ ဖေဖော်ဝါရီ ၂၅ ရက်တွင် ရရှိခဲ့ကြောင်း၊ ယင်းနေ့၌ပင် အနောက်ရွှေဂုံတိုင်လမ်းရှိ ယာဉ်နံပါတ်ပြားအတု ပြုလုပ်သောဆိုင်မှ YGN 5P-7463 ကို ငွေကျပ် ၄၀၀၀၀ ဖြင့် ဝယ်ယူခဲ့ပြီး မတ် ၂၆ ရက်တွင် ၎င်းဖခင် ပိုင်ဆိုင်သော မာစီဒီးယာဉ်အမှတ်၊ YGN 3P-5569 မော်တော်ယာဉ်တွင် နံပါတ်ပြားအတု ပြောင်းလဲတပ်ဆင်ခဲ့ကြောင်း၊ ထို့နောက် အမေရိကန်စင်တာအနီး အင်းယားလမ်းမပေါ်တွင် ၃/၄ ကြိမ်ခန့် မောင်းနှင်ကာ ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်ကြည့်ရှုခဲ့ကာ မတ် ၂၇ ရက်တွင် နေအိမ်မှ ထွက်ခွာခဲ့ပြီး အမေရိကန်စင်တာ အနီးသို့ ရောက်ရှိစဉ် မော်တော်ယာဉ်ကို အရှိန်သတ်၍ ယာဉ်မောင်းဘက်မှ ကားမှန်အား အောက်ချကာ ကားအတွင်းမှ အမေရိကန်စင်တာတွင် ကာရံထားသည့် မှန်အား Gas သေနတ်ဖြင့် ၇ ချက်ခန့် ပစ်ခတ်ခဲ့ကြောင်း သိရှိရသည်။

ထို့နောက် မတ် ၂၈ ရက် နံနက် ၇ နာရီတွင် Gas သေနတ်၊ ခဲသီး ၁၀၀ ပါရှိ သော ဘူးဝိုင်းပြား ၁ ဘူး၊ CO2 Gasအိုး ၂ ဘူး၊ လိုင်စင်နံပါတ်ပြားအတု ၁ ခု တို့ကို ကြွပ်ကြွပ်အိတ်(အပြာ)ဖြင့် ထုပ်ပိုးပြီး ရုံးလက်ဆွဲအိတ်အကြီးထဲသို့ ထည့်ကာ ငမိုးရိပ်တံတားအလယ်သို့ရောက်ရှိစဉ် မော်တော်ယာဉ်အား ဖြည်းညင်းစွာ မောင်းနှင်ပြီး ငမိုးရိပ်ချောင်းအတွင်းသို့ ပစ်ချ၍ ဖျောက်ဖျက်ခဲ့ကြောင်းသိရှိရသည်။

ထို့ပြင် အေးသော်ကောင်း အနေဖြင့် NLD ပါတီကို ထောက်ခံသူတစ်ဦးဖြစ်ပြီး ဖေဖော်ဝါရီလနှင့် မတ်လအတွင်း ရန်ကုန်မြို့တွင်းရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှေ့၊ မြေနီကုန်းလမ်းဆုံ လှည်းတန်းခုံးကျော်တံတားအနီး ကိုရီးယားသံရုံးနှင့် အမေရိကန်သံရုံးရှေ့ ဆူပူဆန္ဒပြမှုများတွင်လည်း ၁၆ ကြိမ်ခန့် ကိုယ်တိုင်လိုက်ပါခဲ့ပြီး အမေရိကန်စင်တာအား Gas သေနတ်ဖြင့် ပစ်ခတ်ရခြင်းမှာ နိုင်ငံရေးအရ ရှုပ်ထွေးမှုများဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် လုပ်ဆောင်ခဲ့သူ အေးသော်ကောင်းကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် လွန်တောင်းကျေးရွာ၌ ဒီမိုကရက်တစ်ပါတီစည်းရုံးရေးမှူး မီးရှို့သတ်ဖြတ်ခံရ

နေပြည်တော် မေ ၇

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် လွန်တောင်းကျေးရွာ၌ ဒီမိုကရက်တစ်ပါတီစည်းရုံးရေးမှူးကို မီးရှို့သတ်ဖြတ်ခံခဲ့ရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ မေ ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မတ္တရာမြို့နယ် လွန်တောင်းကျေးရွာနေ ဒီမိုကရက်တစ်ပါတီ စည်းရုံးရေးမှူးသည် ၎င်း၏ နေအိမ်ကို အကြမ်းဖက်သူ လူတစ်စု (စီစစ်ဆဲ)မှ ဝင်ရောက်ဖျက်ဆီးနေကြောင်း ဖုန်းဆက်အကြောင်းကြား၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က အခြေအနေကို ထိန်းသိမ်းနိုင်ရေး အခင်းဖြစ်နေရာသို့ သွားရောက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိချိန်တွင် အကြမ်းဖက်လူစုအား တွေ့ရှိရခြင်းမရှိဘဲ ဖုန်းဆက်အကြောင်းကြားသူ စည်းရုံးရေးမှူးကို ၎င်း၏ နေအိမ်၌ အသင့်တွေ့ရှိရပြီး ၎င်းပိုင်ဆိုင်သော လယ်ထွန်စက် ရှေ့မီးသီးများ ရိုက်ခွဲဖျက်ဆီးခံရ၍ အင်ဂျင်ဗိုင်ထည့်သည့် အပေါက်ကို သဲများဖြင့် ပိတ်ဆို့ထားသည်ကို တွေ့ရှိခဲ့ရကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များက စည်းရုံးရေးမှူး၏ လုံခြုံရေးစိုးရိမ်ရသည့်အတွက် မတ္တရာမြို့သို့ ခေါ်ဆောင်လာခဲ့ရာ တောင်ပြုန်းကျေးရွာအရောက်၌ ၎င်းမှ မန္တလေးရှိ ၎င်း၏ဆွေမျိုးများနှင့်အတူ သွားရောက်နေထိုင်မည်ဖြစ်ကြောင်း အသိပေးပြောဆိုကာ တောင်ပြုန်းကျေးရွာ၌ ကျန်ရှိခဲ့ကြောင်း။

မေ ၇ ရက် နံနက် ၈ နာရီခွဲတွင် လွန်တောင်းကျေးရွာ၌ အဆိုပါစည်းရုံးရေးမှူး အသတ်ခံရကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ခဲ့ရာ အလောင်းကို နေအိမ်၌ မတွေ့ရှိဘဲ လိုက်လံရှာဖွေစဉ် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် လွန်တောင်းရွာ၏ တောင်ဘက် ၁ မိုင်ခန့်အကွာ တောင်သချိုင်းအတွင်းမှ အဆိုပါ စည်းရုံးရေးမှူးအား မီးရှို့သတ်ဖြတ်ထားသည်ကို တွေ့ရှိခဲ့ရကြောင်း။

ဖြစ်စဉ်ပါ ဒီမိုကရက်တစ်ပါတီ စည်းရုံးရေးမှူးကို အုပ်စုဖွဲ့အကြမ်းဖက်ကာ ရက်စက်စွာ မီးရှို့သတ်ဖြတ်ခဲ့မှုနှင့် ပတ်သက်၍ ကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တူမီးသေနတ်များ၊ လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

နေပြည်တော် မေ ၇

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့၊ ကျောင်းကုန်းမြို့နှင့် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့များအတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင်အသုံးပြုသည့် လက်လုပ်သေနတ်များကိုင်ဆောင်နေကြောင်း သတင်းအရ မေ ၆ ရက်တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင်လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည်သဘောပေါက်ကာ တူမီးသေနတ် ၃၂ လက်၊ လေသေနတ် ၁၁ လက်နှင့် လက်လုပ် သေနတ် ၂၅ လက်တို့ကို ၎င်းတို့ သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီး လာရောက်အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၇

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များ၊ ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေ သတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်း ခြင်းများ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၅ ရက်တွင် ကျောက်ပန်းတောင်းမြို့ မြို့မတောင်ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်း၊ အုတ်တံတိုင်း အနီး၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်း များကိုလည်းကောင်း၊ ဧပြီ ၆ ရက်တွင် ကျောက်မဲမြို့၊ ရပ်ကွက်(၂)၊ နယ်မြေ (၁၅)၊ သစ်တောလမ်းရှိ ဦးဝေဖြိုးနိုင် ပိုင်ဆိုင်သည့် ရိုးမသံဆိုင် ဂိုဒေါင် အတွင်း၌ အလုပ်သမား မျိုးမြတ်အောင်(ဘ) ဦးခင်မောင်ဝင်းကို ဆူပူအကြမ်းဖက်မှုတွင် အသုံးပြု သည့် ပစ္စည်းများဖြင့်လည်းကောင်း၊ မြောင်းမြမြို့၊ အမှတ်(၅)ရပ်ကွက်၊ မြိုင်မာလာ (၃)လမ်း၊ အိမ် အမှတ် (၈၁)၌ NLD ပါတီဝင် ဘိုဘိုဇင်(ဘ)ဦးမြင့်ဆွေ၊ မျိုးနိုင်(ဘ) ဦးမြင့်သိန်းနှင့် ကြည်စိုးလင်း(ဘ)ဦးလှ ကြည်တို့ ၃ ဦးကို ဆေးခြောက် ၁ ဒသမ ၅ ဂရမ်ခန့်၊ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများ နှင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်း ရမိခဲ့သည်။

အလားတူ ယနေ့တွင် မိုးကောင်းမြို့ လွယ်လီယံ ကျေးရွာရှိ ဝင်းဦး၏နေအိမ်၌ ၎င်းအား လေသေနတ် ၃ လက်၊ လက်ပစ်ဗုံး ၁ လုံး၊ အခြားဆက်စပ်ပစ္စည်းများ ဖြင့်လည်းကောင်း၊ လားရှိုးမြို့ ရပ်ကွက်(၁၁)၊ နယ်မြေ(၁)၊ နမ့်ပါချိုးလမ်း၌ ဒေါ်စန္ဒာဇော် (ဘ) ဦးဇော်နောင်ထွေးကို လက်လုပ်ဗုံး ၄၅ လုံး၊ ဆက်စပ် ပစ္စည်းများဖြင့်လည်းကောင်း၊ မြိတ်မြို့နယ်၊ သမုတ်- လွှတ်လွှတ်တံတား၌ ဦးဆန်းဝင်းအောင်(ခ) မောင်မောင်နှင့် ဦးကိုကိုတို့ ၂ ဦးကို ဂျင်ကလိ ၉ ချောင်း၊ အခြားဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ ထားဝယ်မြို့ ဆိပ်ကမ်းသာလမ်းနှင့် ဘူတာရုံလမ်း



ဘိုဘိုဇင်၊ မျိုးနိုင်နှင့် ကြည်စိုးလင်းတို့ကို ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ထောင့်ဆားကိုဒေါင်အနီး၌ဆူပူအကြမ်းဖက်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များကို တူမီးသေနတ်၊ လက်လုပ်မိုင်းများဖြင့် ရန်ပြုတိုက်ခိုက်လာခဲ့သဖြင့် အဓိကရုဏ်း နှိမ်နင်းရေးလက်နက်ဖြင့် ခြောက်လှန့် ပစ်ခတ်လူစုခွဲခဲ့ရာ ၎င်းတို့အနက်မှ ကြည်မြင့်၊ ဥက္ကာရှိန်းအောင်၊ ကျော်လွင်၊ သူရသိန်းနှင့် ကျော်စွာ တို့ ၅ ဦးကို တူမီးသေနတ် ၃ လက်၊ အခြားဆက်စပ် ပစ္စည်းများဖြင့်လည်းကောင်း၊ ကျောက်ဆည်မြို့နယ်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း လမ်းမပေါ်၌ ဆူပူအကြမ်းဖက်သူများကို လုံခြုံရေး တပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရာ ၎င်းတို့အနက်မှ အမျိုးသား ၃ ဦးကို ဆိုင်ကယ် ၆ စီး၊ ဆူပူအကြမ်း ဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများဖြင့် လည်းကောင်း၊ ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက် ကျောင်းဝန်းလမ်းထိပ်၌ ဆူပူအကြမ်းဖက်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား တုတ်၊ ဓား၊ လေးခွ၊ လေသေနတ်၊ မီးပုလင်း၊ ဂျင်ကလိ၊ အုတ်ခဲများဖြင့် ရန်ပြု တိုက်ခိုက်လာသဖြင့် အဓိကရုဏ်းနှိမ်နင်းရေး လက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ ၎င်းနေရာမှ ဂျင်ကလိ ၁၀ ချောင်း၊ ဆူပူအကြမ်းဖက်မှု တွင် အသုံးပြုသည့် အခြားဆက်စပ်ပစ္စည်းများအား လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီး ထိန်းသိမ်းရမိသူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရန် အမှုဖွင့်လှစ် ဆောင်ရွက်လျက် ရှိကြောင်းနှင့် စစ်ဆေးရှာဖွေ သတင်းဖော်ထုတ်မှု များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ဆန်းဝင်းအောင်(ခ)မောင်မောင်နှင့် ကိုကိုတို့ကို ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# မိဘပြည်သူများ စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၇

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်းပြီး ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေး နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ည မပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများကို ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၇

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများကို CDM လှုပ်ရှားမှုတွင် ပါဝင်စေရန် လှုံ့ဆော်ခြင်း၊ CRPH မတရား အသင်းအား ထောက်ခံသည့် အကြောင်းအရာများ၊ မမှန် သတင်းများအား ဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှု ဖြစ်ပေါ်စေရန်နှင့် အများပြည်သူ အထိတ်တလန့် ဖြစ်စေရန် အတွက် သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်ခြင်း၊ Social Pumishment ပြုလုပ်ခြင်းများကို လူမှုကွန်ရက် စာမျက်နှာများတွင် ရည်ရွယ်ချက် ရှိရှိဖြင့် ဖော်ပြခြင်းနှင့် ဖြန့်ဝေခြင်း များ ဆောင်ရွက်လျက်ရှိသူ များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅- က ဖြင့် အမှုဖွင့်အရေးယူ နိုင်ရေး သတင်းထုတ်ပြန် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ



ဒေါ်ဝင်းဝင်းမြ



မဝင်းမင်းသန်း



မခရေစုမြတ်ကျော်

ရာဇသတ်ကြီးပုဒ်မ ၅၀၅- က ဖြင့် အမှုဖွင့်ထားသည့် Beauty Blogger မဝင်းမင်းသန်းကို ဧပြီ ၆ ရက် ည ၇ နာရီခန့်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ လမ်းမတော် ရပ်ကွက်၊ ဘုရင့်နောင်လမ်းရှိ BH Hotel တွင် လည်းကောင်း၊ မကွေးတိုင်းဒေသကြီးချောက်မြို့၊ စံပြမြို့သစ်ရပ်၊ အမှတ်(၁၅) ရပ်ကွက်တွင် နေထိုင်သူ ဒေါ်ဝင်းဝင်းမြကို ဧပြီ ၆ ရက် ညနေ ၃ နာရီ မိနစ် ၅၀ ခန့်တွင် လည်းကောင်း ဖမ်းဆီးထိန်းသိမ်း နိုင်ခဲ့သည်။

ထို့အတူ တနင်္သာရီတိုင်း ဒေသကြီး၊ ထားဝယ်မြို့၊ ဈေးတောဝရပ်ကွက်၊ အိမ်အမှတ် (၅၀) တွင် နေထိုင်သော ပညာရေး ဝန်ထမ်းတစ်ဦးဖြစ်သည့် ခရေစု မြတ်ကျော်(ဘ) ဦးကျော်စွာဝင်း သည် ၎င်း၏ လူမှုကွန်ရက်ပေါ် တွင် မဟုတ်မမှန်သတင်းများ ရေးသား၍ CDM တွင် ပါဝင်လာ စေရန် ဦးဆောင်လှုံ့ဆော်ခြင်း၊ ရန်ပုံငွေကောက်ခံခြင်းနှင့် CDM မလုပ်ဆောင်သည့် အခြားပညာ ရေးဝန်ထမ်းများကို ခြိမ်းခြောက် ခြင်းများ ဆောင်ရွက်ခဲ့သဖြင့် ဧပြီ ၅ ရက်တွင် ခရေစုမြတ်ကျော်ကို ၎င်းကိုင်ဆောင်သည့် ဖုန်း ၂ လုံး နှင့်အတူ နေအိမ်၌ ဖမ်းဆီး ထိန်းသိမ်းခဲ့သည်။

အဆိုပါ ဖမ်းဆီးထိန်းသိမ်း ထားသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာ ရဲစခန်းများမှ လုပ်ထုံးလုပ်နည်းနှင့် အညီ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။





သတင်းစဉ်

# လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော် မေ ၇

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်စေရန်လှုံ့ဆော်ခြင်း၊ CRPH မတရားအသင်းအား ထောက်ခံသည့် အကြောင်းအရာများ၊ မမှန်သတင်းများအားဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှုဖြစ်ပေါ်စေရန်နှင့် အများပြည်သူအထိတ်တလန့်ဖြစ်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ခြင်း၊ Social Pumishment ပြုလုပ်ခြင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် ဖော်ပြခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ အနုပညာရှင်အချို့နှင့် အခြားပါဝင်ပတ်သက်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။

## ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အရေးယူထားရှိသူများစာရင်း

| စဉ် | အကောင့်အမည် | Profile | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | TU TU https://www.facebook.com/TUTUsinger | တူးတူး(ခ)မင်းကျော်သူ  | ကန်တော်လေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | Htet Shine Aung https://www.facebook.com/little.shinelay | ထက်ရှိုင်းအောင်  | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | Ni Ni Moe https://www.facebook.com/mama.moe.73932 | နီနီမိုး  | ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | Thorn Nay Soe https://www.facebook.com/thornnaysoe | သွန်းနေစိုး  | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | စောချမ်းအေး https://www.facebook.com/100013163021247 | သော်ဇင်ဝင်း  | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | Su Su Hlaing https://www.facebook.com/susu.hlaing.9480 | စုစုလှိုင်  | "စောင်းကောက်ရွှေစု" ဆေးလိပ်လုပ်ငန်း၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | Kolin https://www.facebook.com/kolin.nld | ခေါ်လင်း  | အမှတ်(၁)ရပ်ကွက်၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ် | ၅၀၅-က |  |
| ၈ | Tha Noe Wai https://www.facebook.com/thanoe.wai | သနိုးဝေ  | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | Ye Wint Thu https://www.facebook.com/yewintthudvb | ရဲဝင့်သူ  | ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | Hein A K https://www.facebook.com/arkarhein.mm | အာကာဟိန်း  | အမှတ်(၉၆၉)၊ သုဓိတာ(၁)လမ်း၊(၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၁ | Paing Takhon https://www.facebook.com/PaingTakhonFanPage | ပိုင်တံခွန်(ခ) စစ်ကိုပိုင်  | ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၂ | Hlaing Min Oo https://www.facebook.com/kohlaingmin.oo | လှိုင်မင်းဦး  | ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ | ၅၀၅-က |  |
| ၁၃ | မောင်ဆောင်းခ - Maung Saungkha https://www.facebook.com/poet.maungsaungkha | စည်သူအောင်  | သုံးခွမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၄ | Bal Kyaw https://www.facebook.com/bal.kyaw.58 | ခင်စန်းရွှေ  | ရွှေသုခိတာအထည်ဆိုင်၊ ကြို့ကုန်းလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၅ | Phyo Theingi Kyaw https://www.facebook.com/phyo.theingi.3 | ဖြိုးသိင်္ဂီကျော်  | "ဖြိုးအိကျော်"ပယင်းပစ္စည်းဆိုင်၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၆ | Bollyhood Khant https://www.facebook.com/Bollyhood.Khant | အေးမင်းခန့်ထွန်း  | ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ | ၅၀၅-က |  |
| ၁၇ | Cdm Linn https://www.facebook.com/CDMLinn | ရဲလင်းဗိုလ်  | လယ်ဝေးမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ | ၅၀၅-က |  |
| ၁၈ | Thuta Kyaw https://www.facebook.com/PHOENiXThuta | သုတကျော်  | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၉ | Tin Mar Aye https://www.facebook.com/tinmar.aye.986227 | တင်မာအေး  | Chatrium Hotel Royal Lake Yangon ဝန်ထမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၂၀ | အောင် အောင် ဦး (Aung Aung Oo) https://www.facebook.com/profile.php?id=100010591180136 | အောင်အောင်ဦး  | ၁၉ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |

အထက်ပါဖြစ်မှုကျူးလွန်သူများအား လက်ခံထားရှိသူများကိုလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် ထိုကဲ့သို့ဆောင်ရွက်နေသူများကိုလည်း ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

သတင်းစဉ်

## ပါရဂူဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့ကြိုသင်တန်း လျှောက်လွှာများ ၁၂-၄-၂၀၂၁ ရက်နေ့အထိ လျှောက်ထားနိုင်

နေပြည်တော် ဧပြီ ၇

ပညာရေးဝန်ကြီးဌာနရှိ ပါရဂူဘွဲ့သင်တန်းဖွင့်လှစ်သော ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များ၊ စီးပွားရေးတက္ကသိုလ်များ၊ ပညာရေးတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ပါရဂူ ဘွဲ့ကြို (Ph.D Prelim) သင်တန်းတက်ရောက်ရန်အတွက် သက်ဆိုင်ရာတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ပုံစံဖြင့် ၆-၄-၂၀၂၁ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်ကြောင်း သတင်းစာများတွင် ကြော်ငြာခေါ်ယူထားပြီးဖြစ်သော်လည်း အဆိုပါ နောက်ဆုံးလျှောက်ထားရမည့် ၆-၄-၂၀၂၁ ရက်အစား ရက်တိုးမြှင့်၍ ၁၂-၄-၂၀၂၁ရက် (တနင်္လာနေ့)အထိ လျှောက်ထားနိုင်ကြောင်း ပညာရေးဝန်ကြီးဌာနက ထပ်မံကြေညာထားကြောင်း သိရှိရသည်။ သတင်းစဉ်

## ပခုက္ကူ ပဲဈေးကွက်သို့ ထောပတ်ပဲဖြူများ အများအပြား ဝင်ရောက်လာသော်လည်း ဈေးနှုန်းကျဆင်းနေ

ပခုက္ကူ ဧပြီ ၇

မကွေးတိုင်းဒေသကြီး ပခုက္ကူပဲဈေးကွက်သို့ ရေစကြိုမြို့နယ်ထွက် ထောပတ်ပဲဖြူများ တစ်ရက်လျှင် အချိန်လေးသောင်းခန့် ဝင်ရောက်လာနေကြောင်း နီလာပွဲရုံပိုင်ရှင် ဦးဇိုကြီးနိုင်ထံမှ သိရသည်။

ထောပတ်ပဲဖြူများကို ရေစကြိုမြို့နယ် ရောဝတီမြစ်နှင့် ချင်းတွင်းမြစ် ပေါင်းဆုံရာနေရာ ကျေးရွာများမှ ရေစကြို၊ ပခုက္ကူနယ်ဆုံး မြစ်ကမ်းဘေး ကျေးရွာတိုင်းစိုက်ပျိုးကြကြောင်း၊ ရောဝတီမြစ်ရေကျဆင်းပြီး မြေနုကျွန်းပေါ်လာချိန်တွင် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးချိန်အမီ စိုက်ပျိုးရန်သာလိုပြီး မြေဆီမြေနှစ်ထည့်စိုက်ပျိုးရခြင်းမျိုးမရှိဘဲ နုန်းတင် မြေနုအဆီအနှစ်များက စိုက်ပျိုးသည့် ပဲအမျိုးမျိုးကို အောင်မြင်ဖြစ်ထွန်းစေကြောင်း ရေစကြိုမြို့နယ် ဗလဗကျေးရွာနေ ပဲအမျိုးမျိုး စိုက်ပျိုးသည့် ဦးဖိုးကျော်က ရှင်းပြသည်။

ရောဝတီမြစ်ရေ ကျသည့်အချိန်ပေါ်မူတည်ပြီး စိုက်ပျိုးရခြင်းကြောင့် တစ်နှစ်နှင့် တစ်နှစ် ပဲစိုက်ပျိုးသည့် လနှင့်ရက်၊ ရိတ်သိမ်းသည့် လရက်များ အနည်းငယ် ကွာခြားကြသော်လည်း နှစ်စဉ် နှစ်တိုင်း ပဲရရှိကြကြောင်း၊ ငါးမြားလေးကျေးရွာ၊ ငါးမြားကြီး၊ ဗလဗ ၊ ကွေ့ထောင့် ဇယမ၊ ကျော်ထင်ကုန်း၊ ကြူရွာ၊ ဆင်ကြို၊ မထီးကျေးရွာများသည် ထောပတ်ပဲဖြူအမြောက်အမြား စိုက်ပျိုးကြကာ ထွက်ရှိလာသည့် ထောပတ်ပဲများကို ပခုက္ကူမြို့ ပဲပွဲရုံများသို့ လာရောက်ရောင်းချကြကြောင်း၊ ပဲထောပတ်တစ်တင်း ငွေကျပ် ၁၄၀၀၀သာ ရောင်းချရခြင်းကြောင့် မနှစ်ကထက် ပဲထောပတ် အဖြူဈေး ကျဆင်းကြောင်း သိရသည်။



မနှစ်က ထောပတ်ပဲဖြူ တစ်တင်း ငွေကျပ် ၁၅၀၀၀ ဈေးရောင်းချရကြောင်း၊ ထောပတ်ပဲဖြူ တစ်တင်း ၁၉ ပိဿာရှိကြောင်း လည်းသိရကာ မနှစ်ကထက် တစ်တင်း ၁၀၀၀ လျော့နည်းနေကြောင်း ထောပတ်ပဲဖြူ စိုက်ပျိုးသည့် တောင်သူများထံမှ သိရသည်။

မောင်မောင်ထိန်
(ကျောက်ပန်းတောင်း)




အမြဲ့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇ - ၄ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ဖြန့်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ဖြန့်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ငြိမ်ပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ငြိမ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | မြိုးစန္ဒီမွှေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ပိုင်အောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁) ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ ဒီမ ၀၁-၅၄၄၃၁၄၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၀၊ Fax ၀၁-၅၄၆၂၂၈၊ ၀၆၇-၃၆၁၃၄၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၃၊ Fax ၀၁-၈၆၀၄၅၅၆။

MYANMAR Digital News
Presented by NPE
www.nwdo.gov.mm

# ပြည်သူ့အတွက် မေတ္တာဝန်

## စာချစ်သူ

**“မြန်မာ့စီးပွားရေးဘဏ်ကအထွက် နာရီကို ကြည့်လိုက်တော့ နံနက် ၁၀ နာရီကျော်။ ဝန်နှင့်အား မမျှသည့်ကြားက တက်တက်ကြွကြွ၊ မေတ္တာစေတနာ အပြည့်ဖြင့် အငြိမ်းစား ဝန်ထမ်းပင်စင်စားကြီးများ၊ အစစအရာရာ အဆင်ပြေချောမွေ့အောင် ကူညီဆောင်ရွက်ပေးကြသော မြန်မာ့စီးပွားရေးဘဏ်က နိုင်ငံ့ဝန်ထမ်းများကို များစွာကျေးဇူးတင်မိပါ၏။ ဩော် - ဝန်ထမ်းဘဝက ကုသိုလ်လည်းရ ဝမ်းလည်းဝ”**

တစ်နေ့က အမေ့ကိုယ်စား အငြိမ်းစားဝန်ထမ်းပင်စင်လစာ သွားထုတ်ဖြစ်သည်။ ခါတိုင်းဆို အမေကိုယ်တိုင် မြေးမငယ်လက်ကိုဆွဲကာ သွားထုတ်လေ့ရှိသော်လည်း ယခုမူ နာမကျန်းဖြစ်နေ၍ ကျွန်တော်က ကိုယ်စားသွားထုတ်ပေးရခြင်း ဖြစ်ပါ၏။ တကယ်တော့ အမေသည်ပင်လျှင် ကွယ်လွန်သူ အဖေ့အငြိမ်းစားဝန်ထမ်းလစာကို ဆက်ခံသူဖြစ်လေသည်။

### တတ်အားသရွေ့ကူညီ

ရန်ကုန်မြို့လယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲရှေ့ကိုရောက်လို့ တန်းစီတော့ ကိုယ့်ရှေ့တွင် လူ ၅၀ ကျော်၊ ကိုယ့်နောက်တွင်လည်း လူ ၅၀ ကျော်။ အများစုမှာ ကိုယ်တိုင်လာရောက်ထုတ်ယူကြသော အငြိမ်းစားလူကြီးသူမများ ဖြစ်ကြသည်။ ကျွန်တော့်အနီးက အဘနှင့် စကားစမြည်ပြောရင်း အသက်ကိုမေးကြည့်တော့ ၈၄ နှစ်ကျော်၊ ဟိုးခပ်လှမ်းလှမ်းက ကြီးကြီးက အသက် ၇၀ ကျော်ခန့်။ သူတို့သည် တစ်ချိန်က နိုင်ငံ့တာဝန်များကို ဦးဆွေးဆံမြည့် ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများ ဖြစ်ကြသည်။ ဂုဏဂုဏ်၊ ဝယဂုဏ်တည်းဟူသော ဂုဏ်အားဖြင့်၊ အသက်အားဖြင့် ကြီးမြင့်သူများဖြစ်၍ ရိုသေလေးစား ဂါရဝတရားဖြင့် နေထိုင်ပြောဆိုရင်း တတ်အားသရွေ့ ကူညီစောင်မရပါ၏။

“တိုကင် ဘယ်မှာယူရမလဲ”

“ဒီမှာတော့ ခုနက လာဝေသွားပြီခင်ဗျ၊ အခုဟိုဘက်ဘေးပေါက်က အခန်းမှာ သွားယူလို့ရပါတယ်ခင်ဗျ”

တစ်အောင့်နေတော့ မြန်မာ့စီးပွားရေးဘဏ်ခွဲမှ ဝန်ထမ်းညီမငယ်သည် စာဘောက ဝေထားသော တိုကင်ကတ်လေးများမှ နံပါတ်စဉ်များကို အစီအစဉ်အတိုင်း ခေါ်လေသည်။

“တိုကင် နံပါတ်တစ်ကနေ နှစ်ဆယ် ကြွပါရှင့်”

ကိုယ့်တိုကင် နံပါတ်က ၅၅၊ သို့ဆိုလျှင် တတိယအသုတ်တွင် ပါလိမ့်မည်။ ထင်သလောက် အချိန်မကြန့်ကြာတော့မှာမို့ စိတ်ထဲပေါ့ပါးသွားသည်။

“ခါတိုင်း ဒီလောက်လူမများပါဘူး။ ဝန်ထမ်းတွေ လျော့သွားလို့ လူတွေ ပိုများလာတာ”

ဘေးက ဒေါ်ဒေါ်တစ်ဦးက သူ့ထင်မြင်ချက်ကို ပြောနေ၏။

“ကိုယ့်ပင်စင်လစာကို ကိုယ်ကိုယ်တိုင် ဘာလို့လာထုတ်ရတာလဲဆိုတော့ သားကို စိတ်မချလို့ဗျာ၊ ထုတ်ပြီး အကုန်သုံးပစ်လိုက်ရင် ဘယ်လိုလုပ်မလဲဗျ”

ခပ်လှမ်းလှမ်းက ဦးလေးကြီးတစ်ဦးက ဘေးက မိတ်ဆွေများကို အရွှန်းဖောက် ပြောဆိုရင်း ရယ်မောနေ၏။ သူ့ကြည့်ရသည်မှာ ပျော်တတ်သူဖြစ်ပေလိမ့်မည်။

မူလဘူတ စိတ်မရှည်တတ်သူ ကျွန်တော်ပင်လျှင် ပျော်လာသည်။ အငြိမ်းစား ပင်စင်စားလူကြီးသူမများကိုကြည့်ရင်း ကြည်နူးလာသည်။ ပြီးတော့ ကွယ်လွန်သူ အဖေ့ကို သတိရလာသည်။ အဖေသည် အငြိမ်းစားဝန်ထမ်း ပင်စင်လစာ ထုတ်ရက်ဆိုလျှင် မိုးမလင်းမီကတည်းက ဖင်တကြွကြွဖြစ်နေတတ်သည်။ မြေးမငယ် ပြင်ဆင်ဖြီးလိမ်းနေသည်ကို ကြာတတ်ရန်ကော ဟုထင်ကာ စိတ်မရှည်နိုင်ဖြစ်လေ့ရှိသည်။

### ပင်စင်လစာကို မြတ်နိုးတန်ဖိုးထား

အဖေသည် နိုင်ငံ့တာဝန်ပြည်သူ့ဝန်ကို တာဝန်သိသိသစ္စာရှိရှိ ဦးဆွေးဆံမြည့် ထမ်းဆောင်ခဲ့သူပီပီ အငြိမ်းစားယူတော့လည်း သူ့ဝန်ထမ်းပင်စင်လစာကို မြတ်နိုးတန်ဖိုးထားပါသည်။ အငြိမ်းစားဝန်ထမ်းပင်စင်စားအားလုံးလည်း အဖေ့နည်းတူဖြစ်ကြပါလိမ့်မည်။ ဤခံစားချက်ကို ပြင်ပလူများ သိနိုင်ကြလိမ့်မည်မဟုတ်။

လူတန်းကြီးက တလှုပ်လှုပ်တရွေ့ရွေ့၊ ဝင်သူဝင်၊ ထွက်သူထွက်။ ခုနက အသက် ၈၄ နှစ်အရွယ် အဘကို ကျွန်တော်လှမ်းကြည့်မိသည်။ “ဟင်” အဘ နေရာမှာ အဖေပါလား။ ရုပ်အကျီအဖြူ၊ ပုဆိုး အပြာစင်းနှင့် လက်ထဲ ပိုက်ဆံအိတ်လေးကိုင်လျက်သား။

အဖေ့ပုံရိပ်တို့ကား ကျွန်တော့်တစ်သက်တာ မေ့ပျောက်၍မရနိုင်တော့ပါ။ ထာဝရ စွဲစွဲမြဲမြဲ ထင်ဟပ်လျက်။

ထို့အတူ အဖေ့စကား . . .

“မင်းတို့ဝန်ထမ်းဘဝက ထွက်မပစ်နဲ့ကွ၊ အစိုးရဝန်ထမ်းဆိုတာ ဘဝအာမခံချက်ရှိတယ်။ အင်္ဂလိပ်အစိုးရ မြန်မာပြည်ပြန်ဝင်လာတော့ ဝန်ထမ်းတွေကို ဂျပန်ခေတ်က လစာတွေ အကုန်လုံးပြန်ထုတ်ပေးခဲ့တယ်ကွ။ ဂျပန်ငွေစက္ကူတွေကို ရုပ်ပစ်ပြီး အင်္ဂလိပ်ငွေစက္ကူအသစ်တွေပဲ ပြန်ပေးတာ”

အဖေသည် အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ အင်္ဂလိပ်အစိုးရ၏ တစ်ကျော့ပြန် မြို့ပြအုပ်ချုပ်ရေး (C.A.S.B) ခေတ်၊ ဖဆပလခေတ်၊ တော်လှန်ရေးကောင်စီခေတ်နှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တိုင် နိုင်ငံ့ဝန်ထမ်းတာဝန်များကို ခေတ်အဆက်ဆက် ဦးဆွေးဆံမြည့်ထမ်းဆောင်ခဲ့သူဖြစ်လေ၏။ အဖေသည် လွန်ခဲ့သည့် ငါးနှစ်၊ အသက် ၉၆ နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့လေပြီ။

“တိုကင်နံပါတ် ၄၁ ကနေ ၆၀ အထိ ကြွပါ”

ဝန်ထမ်းညီမငယ်၏ ကြေညာဖိတ်ခေါ်သံနှင့်အတူ ကျွန်တော်သည် ငွေထုတ်ကောင်တာအခန်းသို့ ရောက်သွားသည်။ အထဲမှာလည်း ဝန်ထမ်းညီမငယ်တစ်ဦးက အငြိမ်းစားပင်စင်စားကြီးများ အစစအရာရာ အဆင်ပြေအောင် ကူညီဆောင်ရွက်ပေးနေသည်။ သိလိုသည်များကို စိတ်ရှည်လက်ရှည် ရှင်းလင်းဖြေကြားပေးနေသည်။

ငွေထုတ်ကောင်တာမှာတော့ နိုင်ငံ့ဝန်ထမ်းအမျိုးသမီး လေး၊ ငါးဦးခန့် ရှိလေသည်။ ကျွန်တော့်အလှည့်ရောက်ခါနီးမှ စာရွက်စာတမ်းကိစ္စတွေ အဆင်ပြေပါ့မလားဟု စိုးရိမ်စိတ်လည်း ဝင်မိသည်။ ကိုယ့်ရဲ့ပထမဦးဆုံး အတွေ့အကြုံမို့။

“ကိုယ်စားလှယ်ထောက်ခံစာမှာ ရုံးစည်းတံဆိပ်မပါဘူး။ ပြန်တမ်းဝင်အရာရှိ လက်မှတ်နဲ့ ဌာနစိတ်စည်းတံဆိပ်ပဲ တွေ့တယ်”

“ကျွန်တော်လည်း ဝန်ထမ်းပါခင်ဗျာ၊ အမေ မကျန်းမာလို့ ပထမဦးဆုံး လာထုတ်ပေးတာပါခင်ဗျာ၊ ----ဝန်ကြီးဌာနကပါ”

“ဒီတစ်ခါတော့ ထုတ်ပေးလိုက်မယ်နော်၊ နောက်လဆိုရင် ရုံးစည်းတံဆိပ်အပိုင်း ရိုက်လာပေးပါ”

“ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ”

ငွေထုတ်ကောင်တာမှ ထုတ်ပေးလိုက်သည့် အသစ်ကျပ်ချွတ် ငွေကျပ် တစ်သောင်းတန်များကို ရေတွက်ကြည့်တော့ စုစုပေါင်း ငါးလစာငွေကျပ် သုံးသိန်းကျော်။ ဤသည်ပင် အဖေက သူတို့ခေတ်တွင် ပင်စင်လစာတစ်ဝက် ရောင်းထားခဲ့ပြီးပြီ။

**“ပြည်သူကို အလုပ်အကျွေးပြုရသောဝန်၊ နိုင်ငံ့အကျိုးကိုသယ်ပိုးရသော ဝန်တို့သည် မေတ္တာဝန်ဖြစ်သည်။ မေတ္တာစစ်မှန်နေသမျှ လေးလံသည် မရှိနိုင်။ မေတ္တာပျက်မှ၊ ကွက်မှ လေးလံလာနိုင်သည်။ သာသနာ့ဝန်ထမ်းကြကုန်သော၊ နိုင်ငံ့ဝန်၊ ပြည်သူ့ဝန်ကို ထမ်းကြကုန်သော အာဇာနည်ပုဂ္ဂိုလ်တို့အဖို့လည်း မေတ္တာဝန်သည် ပေါ့ပါးသည်။ ထိုဝန်ကိုထမ်းရ၍ မောပန်းခြင်းမရှိ၊ မောရပန်းရမှန်းမသိ။ ဝန်ထမ်းခွင့်ရတာပင်လျှင် ဆုထူးဆုမြတ် ဖြစ်နေသည်။ ပြည်သူ့ဝန်ထမ်းသားသမီးများ အဖို့လည်း ထို့အတူသာဖြစ်ပါစေတော့”**

### ကုသိုလ်လည်းရ ဝမ်းလည်းဝ

မြန်မာ့စီးပွားရေးဘဏ်ကအထွက် နာရီကို ကြည့်လိုက်တော့ နံနက် ၁၀ နာရီကျော်။ ဝန်နှင့်အား မမျှသည့်ကြားက တက်တက်ကြွကြွ၊ မေတ္တာစေတနာ အပြည့်ဖြင့် အငြိမ်းစားဝန်ထမ်းပင်စင်စားကြီးများ၊ အစစအရာရာ အဆင်ပြေချောမွေ့အောင် ကူညီဆောင်ရွက်ပေးကြသော မြန်မာ့စီးပွားရေးဘဏ်က နိုင်ငံ့ဝန်ထမ်းများကို များစွာကျေးဇူးတင်မိပါ၏။ ဩော် - ဝန်ထမ်းဘဝက ကုသိုလ်လည်းရ ဝမ်းလည်းဝ။

ဤဆောင်းပါးစာစုကို အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ရင်း အစိုးရဝန်ထမ်းဘဝကို ကျောခိုင်းထွက်ခွာသွားကြသူ ဝန်ထမ်းအချို့ ဖတ်မိကြပါလျှင် တစ်ချိန်က မိမိတို့ဝန်ထမ်းဘဝဟောင်းကို လွမ်းကြလိမ့်မည်ဟု ထင်၏။ ထိုထိုသော လုပ်ဖော်ကိုင်ဖက်ဟောင်းများကိုလည်း ကျွန်တော်တို့ သတိရမိပါ၏။ အပြစ်မဆိုရက်ပါ။ ကိုယ့်အမြင်၊ ကိုယ့်အတွေး၊ ကိုယ့်ယုံကြည်ချက်နှင့် ကိုယ်သာဖြစ်ကြပါသည်။

ကျွန်တော်တို့ကလည်း နိုင်ငံ့ဝန်၊ ပြည်သူ့ဝန်ကို နိုင်ငံသားတစ်ဦးအနေဖြင့် အုတ်တစ်ချပ် သဲတစ်ပွင့် ထမ်းရွက်ရခြင်းသည် ဒုလ္လဘတစ်ခုဟု ခံယူမှတ်ယူပါ၏။ ပြည်သူတို့၏ဝန်ကို အခါအခွင့်သင့်တုန်း၊ ကြုံတုန်းကြုံခိုက်၊ ရတုန်းရခိုက် သယ်ပိုးထမ်းရွက်ရခြင်းကား ဆုထူး ဆုမြတ်တစ်ခုမဟုတ်ပါလား။

### မေတ္တာဝန်ဖြင့်

ပြည်သူ့ဝန်ကိုသယ်ပိုးထမ်းရွက်ရာတွင် မေတ္တာဝန်ဖြင့် သယ်ပိုးထမ်းရွက်ပါက လေးလံမှုမရှိ၊ ပေါ့ပါး၍ နေပါဘိဟူ၍ ဒေါက်တာမောင်မောင်က “ပြည်သူ့ဝန်ထမ်း သားသမီးများသို့” စာအုပ်တွင် အောက်ပါအတိုင်း ရေးသားခဲ့ပါ၏။

“မေတ္တာဝန်”

“မဟာတ္တမဂန္ထိကြီး နှစ်သက်၍ မကြာမကြာ ပြောတတ်သောပုံပြင်ဟု ဆိုပါသည်။

ဆင်းရဲနွမ်းပါးသော အမျိုးသမီးတစ်ဦးသည် ခေါင်းပေါ်တွင် အထုပ်တစ်ထုပ်ကို ရွက်၍၊ ခါးတွင် သားငယ်ကို ခါးထစ်ခွင်ချီ၍၊ ကျောပေါ်တွင် အထုပ်ကိုပိုး၍ ခရီးရှည် လမ်းလျှောက်လာသည်။ အတူသွားခရီးသည်အချို့က ကရုဏာနှင့် အထုပ်အချို့ကို ကူညီသယ်ပိုးပေးမည်ပြောကြသော်လည်း အစဦးတွင် လက်မခံ၊ ကြိုးစား၍ သယ်ပိုးသည်။

နောက်ပိုင်းတွင် ပင်ပန်းလာသည်နှင့် ခေါင်းပေါ်မှအထုပ်ကို တစ်ဦးအား ကူညီသယ်ပိုးရန် ပေးရသည်။ ခရီးအတန်ကြာပြန်သော် ကျောပေါ်မှ အထုပ်ကိုလည်း လက်ပြောင်းရပြန်သည်။ သို့ရာတွင် ခါးထစ်ခွင်၍ ချီပိုးထားသော သားငယ်ကိုမူကား

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှ

မည်သူ့သို့မျှ မပြောင်း။ မိမိဘာသာနိုင်အောင် သယ်ပိုးသည်။

သားငယ်သည်လည်း လေးလံသော ဝန်ထုပ်မဟုတ်ဘူးလား။ ကူညီ၍ ချီခဲ့ပါမည်ဟု ကြင်နာသော ခရီးသည်တစ်ဦးက ပြောပြန်ရာ သားငယ်ကို မိခင်မေတ္တာဖြင့် ချစ်ရပါသည်။ ထို့ကြောင့် လေးလံသော ဝန်ထုပ်ဝန်ပိုး မဟုတ်ပါ။ ပေါ့ပါးသော မေတ္တာဝန်သာ ဖြစ်ပါသည်။ မေတ္တာဖြင့် ထမ်းပိုးရသောဝန်သည် ပေါ့ပါးသည်။ ဝန်ဟူ၍ပင် မထင်ရ။ ဦးခေါင်းတွင် ဆင်မြန်းရသော ပန်းဟူ၍ပင် ထင်ရသည်ဟု မိခင်က ရွှင်လန်းဝမ်းမြောက်စွာ ဆိုသည်။

ပြည်သူကို အလုပ်အကျွေးပြုရသောဝန်၊ နိုင်ငံ့အကျိုးကို သယ်ပိုးရသော ဝန်တို့သည် မေတ္တာဝန်ဖြစ်သည်။ မေတ္တာ စစ်မှန်နေသမျှ လေးလံသည် မရှိနိုင်။ မေတ္တာပျက်မှ၊ ကွက်မှ လေးလံလာနိုင်သည်။

သာသနာ့ဝန် ထမ်းကြကုန်သော၊ နိုင်ငံ့ဝန်၊ ပြည်သူ့ဝန်ကို ထမ်းကြကုန်သော အာဇာနည်ပုဂ္ဂိုလ်တို့အဖို့လည်း မေတ္တာဝန်သည် ပေါ့ပါးသည်။ ထိုဝန်ကိုထမ်း၍ မောပန်းခြင်းမရှိ၊ မောရပန်းရမှန်းမသိ။ ဝန်ထမ်းခွင့်ရတာပင်လျှင် ဆုထူးဆုမြတ် ဖြစ်နေသည်။ ပြည်သူ့ဝန်ထမ်း သားသမီးများအဖို့လည်း ထို့အတူသာဖြစ်ပါစေတော့။"

"တိုကင်နံပါတ် ၆၁ ကနေ ၈၀၊

တိုကင်နံပါတ် ၈၁ ကနေ ၁၀၀ ..."

ဝန်နှင့်အား မမျှသော်လည်း နည်းနည်းနှင့် ကျဲကျဲ ပြည်သူ့ဝန်ကို သယ်ပိုးထမ်းရွက်နေကြကုန်သော မြန်မာ့စီးပွားရေးဘဏ်မှ ဝန်ထမ်း ညီမငယ်တို့သည်လည်း မေတ္တာဝန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေကြသည်မို့ သူတို့ကိုကြည့်ရသည်မှာ မောပန်းနွမ်းနယ်ရိပ်မရှိ၊ ပကာတိပေါ့ပါး၍ နေလေသည်။ ။

# ကျောက်ပန်းတောင်းမြို့တွင် တည်ငြိမ်အေးချမ်းမှုနှင့်အတူ ခရီးသွားပြည်သူများ၊ ဈေးသည် ဈေးဝယ်များနှင့် စည်ကားလျက်ရှိ

ကျောက်ပန်းတောင်း ဧပြီ ၇

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ယခုရက်များအတွင်း သင်္ကြန်အခါရက်နီးလာသည်နှင့်အမျှ တည်ငြိမ်အေးချမ်းမှုနှင့်အတူ မြို့မစည်ပင်သာယာဈေးကြီး၊ ပျံကျဈေး၊ တမွတ်ဝတီဈေးနှင့် အဝေးပြေးကားဂိတ်များ တည်ရှိရာ မြို့လယ်နေရာများတွင် ခရီးသွားပြည်သူများ၊ ဈေးသည် ဈေးဝယ်များနှင့် ပြန်လည်စည်ကားလျက်ရှိသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ယခုရက်ပိုင်းအတွင်း မိမိတို့ရပ်ကွက်၊ လမ်းများအလိုက် လူအနည်းငယ်ဖြင့် ဆောင်ရွက်ခြင်း၊ ဆိုင်ကယ်စီးနင်းသူအချို့ လှည့်လည် ဆန္ဒပြခြင်းမှအပ လမ်းမများပေါ်၌ ဆန္ဒပြမှုများနည်းပါးသွားပြီဖြစ်သည့်အပြင် တပ်မတော်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များကလည်း လုံခြုံရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသဖြင့် မြို့နယ်တစ်ခုလုံးတွင် တည်ငြိမ်အေးချမ်းလျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ ထိုကဲ့သို့တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ မကွေးတိုင်းဒေသကြီးမှ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် အခြားပြည်နယ်များသို့ ကူးသန်းသွားလာသည့် မော်တော်ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲနေကြသည့်နည်းတူ ခရီးသွားပြည်သူများ၊ ဈေးသည် ဈေးဝယ်များနှင့် နေရာတိုင်းလိုလိုပင် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# မယ်စဲ့မြို့နယ်၌ ကျေးလက်ဒေသအကျိုးပြု လယ်ယာကုန်ထုတ်လမ်းနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းများဆောင်ရွက်

မယ်စဲ့ ဧပြီ ၇

ကယားပြည်နယ် မယ်စဲ့မြို့နယ်၌ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်ဒေသအကျိုးပြု လယ်ယာကုန်ထုတ်လမ်းနှင့် ရေပေးရေးလုပ်ငန်းများကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများပြီးစီးမှု အခြေအနေကို ယမန်နေ့က ဘော်လခဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်လွင်၊ မြို့နယ် တည်ဆောက်ရေးနှင့် အရည်အသွေးစစ်ဆေးရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းနှင့် အဖွဲ့က ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ပန်တိန်းကျေးရွာ လယ်ယာကုန်ထုတ်လမ်း အရှည် ၂ မိုင် ၄ ဖာလုံ၊ အကျယ် ၁၈ ပေ ပေါ်တွင် ထု တစ်ပေ မြေသားလမ်း ဖောက်လုပ်ခြင်း လုပ်ငန်းနှင့် ဖောက်လုပ်ပြီး မြေသားလမ်းပေါ်တွင် ကျောက်ရောမြေအကျယ် ၁၂ ပေ၊ ထု ကိုးလက်မခင်းခြင်း လုပ်ငန်းနှင့် ယင်း ကုန်ထုတ်လမ်းပေါ်တွင် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် လယ်ယာကုန်ထုတ်တံတား တစ်စင်း၊ ရေထုတ်မြှောင်း သုံးစင်း တည်ဆောက်ခြင်း လုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၄၆ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ လုပ်ငန်းတိုးတက်မှု ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ထို့ပြင် ကျေးရွာပြည်သူများ ရာသီမရွေး သောက်သုံးရေဖူလုံစွာ အသုံးပြုနိုင်စေရေးအတွက် ကျောက်စုကျေးရွာ၌ တူးဖော်ထားသည့် အဝီစိတွင်းနေရာတွင် ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်း လုပ်ငန်းနှင့် ကျေးရွာတွင်း နှစ်လက်မ PVC ရေပိုက်လိုင်း အရှည်ပေ ၂၀၄၈၀ သွယ်တန်းခြင်း လုပ်ငန်းကို ငွေကျပ် ၃၇ ဒသမ ၉၉ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းပြီးစီးမှု ၈၀ ရာခိုင်နှုန်းခန့်ရှိရာ လုပ်ငန်းများ တိုးတက်ပြီးစီးမှု အခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကာ လိုအပ်ချက်များကို ကုမ္ပဏီမှ တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။ ဝတ်ရည်(ပြန်/ဆက်)



# Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ ပြင်သစ်နိုင်ငံသို့ ကော်ဖီစေ့များ တင်ပို့

လွိုင်လင် ဧပြီ ၇

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့ရှိ သမဝါယမ အသင်းသားများ စိုက်ပျိုးထားသော ကော်ဖီစေ့များကို တောင်ကြီးမြို့ TBC စီးပွားရေးဇုန်ရှိ Green Gold သမဝါယမ အသင်းကိုခေါင်မှ ကိုယ်တိုင်ကြိတ်ခွဲ ထုတ်လုပ်ခြင်း၊ အရည်အသွေး ဆန်းစစ်ခြင်းများ ပြုလုပ်၍ အရည်အသွေး ပြည့်မီသော ကော်ဖီစေ့များကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ ဧပြီ ၅ ရက်တွင် ကော်ဖီ အဆာနိစိမ်း ၁၉ ဒသမ ၂ တန်ကို ပြင်သစ် နိုင်ငံသို့ ပဌမအကြိမ်အဖြစ် ထပ်မံပို့ဆောင်ခဲ့ပြီး ယနေ့အချိန်ထိ ကော်ဖီစေ့ တန်ချိန် ၉၈ ဒသမ ၇တန်အထိ တင်ပို့နိုင်ကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ကြီးတံခွန်မြို့နယ်တွင် ကုသိုလ်ဖြစ်အထူးကုဆေးခန်းဖွင့်

မန္တလေး ဧပြီ ၇

မန္တလေးတိုင်းဒေသကြီး လူမှုကူညီကယ်ဆယ်ရေး ဦးဆောင်ကော်မတီ၊ ရင်ဘတ်တူညီနောင် ကယ်ဆယ်ရေးအဖွဲ့ ကုသိုလ်ဖြစ် အထူးကုဆေးခန်းကို မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ် ၄၉လမ်း၊ ၁၁၈လမ်းနှင့် ၁၁၉ လမ်းကြားတွင် ဖွင့်လှစ်ထားရှိပြီး ကိုဗစ်အလွန်ကာလ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ကလေးမွေးဖွားပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဆေးခန်းကို နေ့စဉ်ဖွင့်လှစ်ပြီး နံနက် ၁၀နာရီမှ ညနေ ၃နာရီအထိ အထွေထွေရောဂါ ပြင်ပလူနာများအား ကျန်းမာရေးစစ်ဆေးကုသပေးမည်ဖြစ်ပြီး အရေးပေါ်လူနာများအား ၂၄နာရီ ခွဲစိတ်ကုသပေးမည်ဖြစ်သည်။ —

ရင်ဘတ်တူညီနောင် ကယ်ဆယ်ရေးအဖွဲ့ ကုသိုလ်ဖြစ် အထူးကုဆေးခန်းသို့ ဆေးဝါးနှင့် ဆေးရုံသုံး ပစ္စည်းများ၊ အသက်ကယ် စက်ကိရိယာများ လှူဒါန်းလိုလျှင် ဖုန်း ၀၉-၂၆၅၀၀၂၀၂၆နှင့် ၀၉- ၄၀၂၇၄၈၈၇၂ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ ကိုကိုကြီး(မန္တလေး)

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံမတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်လေ့ကျင့်ခန်းများ ဆောင်ရွက်ရန်အတွက် သတိပေးချက်ထုတ်ပြန်ကြေညာခြင်း

၁။ တပ်မတော်(ရေ)စစ်ရေယာဉ်များသည် ၂၀၂၃ ခုနှစ်၊ ဧပြီလ (၄) ရက်မှ (၁၁) ရက်ထိ ကာလအတွင်း စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်းများအား ဘင်္ဂလားပင်လယ်အော်အတွင်း လေ့ကျင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် အောက်ပါအတိုင်း Coordinates အမှတ်များအား ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည် -

(က) လေ့ကျင့်ခန်းဧရိယာ(၁)

(၁) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၂ မိနစ်

(၂) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၃) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၄) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၂ မိနစ်

(ခ) လေ့ကျင့်ခန်းဧရိယာ(၂)

(၁) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၆ မိနစ်

(၂) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၃) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၀ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၄) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၆ မိနစ်

(ဂ) လေ့ကျင့်ခန်းဧရိယာ(၃)


(၁) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၉.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၇.၅ မိနစ်

(၂) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၉.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၅ မိနစ်

(၃) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅.၅ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၅ မိနစ်

(၄) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၇.၅ မိနစ်

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာများမှ ၁၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်းငါးထောင်) အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။



# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများက အကြမ်းဖက်လုပ်ရပ်များအတိုင်း လုပ်ဆောင်


တောင်ဥက္ကလာပမြို့နယ်၌ YUTONG အမျိုးအစား YBS ယာဉ် ပျက်စီးမှုကို တွေ့ရစဉ်။

နေပြည်တော် မေ ၇
ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပါရမီလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ ပါရမီကားဝင်းအတွင်း၌ မေ ၆ ရက် ညနေ ၆ နာရီ ၁၀ မိနစ်ခန့်တွင် ဗန္ဓုလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီပိုင် ယာဉ်မောင်း ဦးကျော်မင်းထိုက် (ဘ)ဦးစိုးသိန်း မောင်းနှင်သည့် YUTONG အမျိုးအစား YBS ယာဉ်ပေါ်မှ အချိန်ကိုက်စနစ်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲခဲ့ပြီး အနီးရှိ မော်တော်ယာဉ် ၁၁ စီး မှန်များပျက်စီးခဲ့ကြောင်း သိရှိရသည်။

အလားတူ မေ ၆ ရက် ည ၁၀ နာရီခွဲတွင် အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ အောင်ဇေယျလမ်းဘေး၌ ရပ်တန့်ထားသော အဆိုပါရပ်ကွက်နေ အမျိုးသား တစ်ဦးပိုင်ဆိုင်သည့် Wish အမျိုးအစား မော်တော်ယာဉ်အား အမျိုးသား သုံးဦး(စိစစ်ဆဲ)က မီးရှို့နေသည်ကို တွေ့ရှိရသဖြင့် ယာဉ်ပိုင်ရှင်ဖြစ်သူမှ အော်ဟစ်ဟန့်တားခဲ့ရာ မီးရှို့ဖျက်ဆီးသူများမှာ ထွက်ပြေးသွားခဲ့ပြီး ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ရာ ည ၁၀ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် တန်ဖိုးငွေကျပ် ၇ သိန်းခန့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း။

ထို့အတူ မေ ၆ ရက် ည ၁၂ နာရီ ၄၅ မိနစ်တွင် ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးအား အကြမ်းဖက်သူ အမျိုးသား တစ်ဦးက မီးပုလင်းဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါမီးပုလင်းမှာ အုပ်ချုပ်ရေးမှူးရုံးအောက် လမ်းဘေးရှိ ဈေးရောင်းရန် ပြုလုပ်ထားသော မိုးကာထီးပေါ်သို့ ကျရောက်ပေါက်ကွဲမီးလောင်ခဲ့ပြီး မိုးကာထီး နှစ်ချောင်း မီးလောင်ပျက်စီးခဲ့ကြောင်း။

### ရဲကင်းစခန်းအား အကြမ်းဖက်သူများ မီးရှို့

အလားတူ ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်ရှိ ယာယီရပ်သိမ်းထားရှိသည့် မြေလင်းရဲကင်းစခန်းအား အကြမ်းဖက်သူအင်အား ၂၀ ခန့်က မီးရှို့ခဲ့ရာ အချုပ်ခန်းပါ ရဲစခန်းရုံးအဆောက်အဦ တစ်လုံး၊ နေအိမ်လိုင်းခန်းအဆောက်အဦ သုံးလုံးနှင့် သက်သေခံ ပစ္စည်းမော်တော်ယာဉ် ၃၂ စီးတို့ မီးလောင်ကျွမ်းခဲ့ပြီး နံနက် ၆ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် ရဲစခန်းရုံးအဆောက်အဦ လေးလုံးနှင့် မော်တော်ယာဉ် ၃၂ စီးတို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း။

ထို့အတူ ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့၊ ဝင်းရပ်ကွက်၊ ဖောင်တော်ပြန်လမ်းရှိ သတင်းရဲတပ်ဖွဲ့စုရုံးအား အမျိုးသား ငါးဦးက ဒီဇယ်၊ ဓာတ်ဆီများ ထည့်ထားသည့် ပုလင်းများဖြင့် မီးရှို့ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ အဆိုပါမီးပုလင်းများမှာ ရုံးရှေ့ကွင်းပြင်ပေါ် ကျရောက်ပေါက်ကွဲခဲ့ပြီး လူ/ပစ္စည်း ထိခိုက်ပျက်စီးမှုမရှိကြောင်း။

အလားတူ ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်တွင် ကျောက်တံတားမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ပန်းဆိုးတန်းလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ အမှတ်(၁၀) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး မျက်နှာစာဝင်ပေါက်အနီး ဝဲဘက်အခြမ်းရှိ Flower Box အတွင်း၌ လည်းကောင်း၊ နံနက် ၇ နာရီ မိနစ် ၄၀ တွင် စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဒဂုံစင်တာ(၂)ရှေ့ မြေနီကုန်း ခုံးကျော်တံတားအောက် အများပြည်သူအပန်းဖြေသည့်နေရာ၌လည်းကောင်း လက်လုပ်မိုင်း နှစ်လုံး ပေါက်ကွဲခဲ့ပြီး အဆိုပါပေါက်ကွဲမှုများကြောင့် လူ၊ ပစ္စည်း ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း။

၎င်းအပြင် ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ လမ်း ၃၀ နှင့် လမ်း ၉၀ ထောင့်ရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့ရုံးအား အကြမ်းဖက်သူအမျိုးသား နှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး လက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ပေါက်ကာ လမ်း ၉၀ ဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့ရာ အဆိုပါမိုင်းမှာ ယာဉ်ထိန်းရုံးရှေ့ လမ်းမပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အဦထိခိုက်ပျက်စီးမှု မရှိကြောင်း။

ထို့အတူ ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် ဒဂုံမြို့နယ်၊ ပြည်လမ်း အနောက်ရပ်ကွက်ရှိ အဏ္ဏဝါရိပ်သာအနီး ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ဗဟိုလမ်းအတိုင်း မောင်းနှင်လာသည့် ဟွန်ဒိုင်းယာဉ် တစ်စီးသည် အဏ္ဏဝါရိပ်သာအနီး ရောက်ရှိရပ်တန့်ပြီး ယာဉ်ပေါ်မှ အကြမ်းဖက်သူအမျိုးသား တစ်ဦးဆင်းလာကာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဝင်းသို့ လက်ပစ်ဗုံး သုံးလုံး ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ အဆိုပါ လက်ပစ်ဗုံး သုံးလုံးမှာ လွှတ်တော်ဝင်းအတွင်း ကျရောက်ခြင်းမရှိဘဲ မြစည်းရိုး သံဆန်ခါအား ထိမှန်ကာ အဏ္ဏဝါရိပ်သာ မြစည်းရိုးအပြင်ဘက် သစ်ပင် နှစ်ပင်ကြားတွင် နှစ်လုံး၊ အဏ္ဏဝါရိပ်သာဝင်းအတွင်း လမ်းပေါ်၌ တစ်လုံးကျရောက် ပေါက်ကွဲခဲ့ပြီး လူနှင့် အဆောက်အဦ ထိခိုက်ပျက်စီးမှုမရှိကြောင်း။

### လက်လုပ်မိုင်းဖြင့် ပစ်ပေါက်

အလားတူ ယနေ့မွန်းလွဲ ၁ နာရီ ၅၀ မိနစ်တွင် မရမ်းကုန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်းမကြီးဘေးရှိ မြေအမှတ် (၁၉) Gate Way ကုမ္ပဏီ(လုပ်ငန်း-စိစစ်ဆဲ)ရုံးအား ရှစ်မိုင်လမ်းဆုံဘက်မှ ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း မောင်းနှင်လာသည့် Ertiga ယာဉ်ပေါ်မှ လက်လုပ်မိုင်း နှစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ လက်လုပ်မိုင်း နှစ်လုံးမှာ မြစည်းရိုးအုတ်တိုင်နှင့် တံခါးအနီး ကျရောက်၍ တစ်လုံးပေါက်ကွဲခဲ့ပြီး ကျန် ၁ လုံးမှာ ပေါက်ကွဲမှုမရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ရှင်းလင်းခဲ့ရာ သဘော်သဆေးဘူးအတွင်း ယမ်းနှင့် ဘောစေ့များထည့်၍ ပြုလုပ်ထားသော လက်လုပ်မိုင်းဖြစ်ကြောင်း သိရှိရပြီး အဆိုပါပေါက်ကွဲမှုကြောင့် ကုမ္ပဏီကွန်ကရစ်လှေကားနှင့် မြစည်းရိုးအုတ်တိုင်တို့ အနည်းငယ်ပျက်စီးခဲ့ကြောင်း။

ထို့အတူ ယနေ့ နံနက် ၅ နာရီ မိနစ် ၅၀ ခန့်တွင် ဒဂုံမြို့နယ်၊ နယ်မြေခံတပ်မတော်ဆေးရုံအနီး ပေါက်ကွဲသံကြားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေရာ ရွှေတိဂုံဘုရားလမ်းနှင့် ဓီဝကလမ်းထောင့်ရှိ ဓီဝကအိမ်ထောင်သည် လိုင်း၊ တိုက်(၁)ရှေ့ အုတ်တံတိုင်းတွင် လက်လုပ်အသံမိုင်း တစ်လုံး၊ မြို့နယ် စည်ပင်ရုံးရှေ့ အမှိုက်ပုံးတွင် လက်လုပ်အသံမိုင်း တစ်လုံး၊ တိုက်(၅)ရှေ့ ဓီဝကလမ်းပေါ်ရပ်ထားသော Hyundai Creata အမျိုးအစား မော်တော်ယာဉ်၏ လေကာမှန်ပေါ်တွင် လက်လုပ် အသံမိုင်း တစ်လုံးတို့ပေါက်ကွဲခဲ့သည်ကို စစ်ဆေးတွေ့ရှိရပြီး မော်တော်ယာဉ်အမှတ်၊ NPT - 4B/-------- ယာဉ်ပေါ်တွင် မပေါက်ကွဲသေးသည့် လက်လုပ်အသံမိုင်း တစ်လုံးကို တွေ့ရှိသဖြင့် သက်မဲ့ပြုလုပ်ခဲ့ကြောင်း။

အလားတူ ယနေ့နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် စမ်းချောင်းမြို့နယ်၊ ဗားကရားလမ်းရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား ဆူပူအကြမ်းဖက်သူတစ်ဦးက ဗားကရားလမ်းအတိုင်း အနောက်ဘက်မှ လာရောက်၍ လက်လုပ်အသံမိုင်း တစ်လုံးအား ပစ်ချထွက်ပြေးသွားကြောင်း၊ အဆိုပါ လက်လုပ်အသံမိုင်း ပေါက်ကွဲမှုကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း။

ထို့အတူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဟေမဝန်လမ်းနှင့် ကန်သာယာလမ်းထောင့်ရှိ အမှတ်(၂၄) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအား ယနေ့နံနက် ၅ နာရီခွဲခန့်တွင် လည်းကောင်း၊ ယနေ့နံနက် ၆ နာရီ ၅ မိနစ်ခန့်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ စစ်တောင်းလမ်းနှင့် သမိန်ဗရမ်းလမ်းထောင့်၊ အမှတ်(၃၀) ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးအား လည်းကောင်း ဆူပူအကြမ်းဖက်လူတစ်စုက မီးပုလင်းများဖြင့် ပစ်ပေါက်ခဲ့မှုကြောင့် မီးလောင်မှုများဖြစ်ပွားခဲ့ရာ အဆိုပါမီးလောင်မှုဖြစ်ပွားရာနေရာများသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မီးငြိမ်းသွားခဲ့ကြောင်း။

### စုံစမ်းဖော်ထုတ်လျက်ရှိ

အထက်ပါမီးလောင်မှုများကြောင့် လူ၊ တိရစ္ဆာန်ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် ရုံးများအတွင်းရှိ ပရိဘောဂများ၊ မျက်နှာကြက်များနှင့် စာရွက်စာတမ်းအချို့ မီးလောင်ပျက်စီးခဲ့ကြောင်း သိရှိရပြီး ဖြစ်စဉ်အား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရှိရသည်။

၎င်းအပြင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ဗန္ဓုလလမ်းနေရာရှိ မြဝတီဘဏ်အား ယနေ့မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်ခန့်တွင် ဆူပူအကြမ်းဖက်သူ နှစ်ဦးက ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး ဘဏ်အတွင်းသို့ လက်ပစ်ဗုံးဖြင့် ပစ်ခတ်ထွက်ပြေးသွားကြောင်း၊ အဆိုပါလက်ပစ်ဗုံးပေါက်ကွဲမှုကြောင့် ဘဏ်၏ အောက်ထပ်ပြတင်းပေါက်မှန် ငါးချပ်ကွဲသွားခဲ့ပြီး အုတ်နံရံများ ဗုံးစထိမှန်ပျက်စီးခဲ့ကြောင်းနှင့် လူထိခိုက်မှုမရှိကြောင်း။

အထက်ပါဖြစ်စဉ်များတွင် မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်သူများနှင့် ပါဝင်ပတ်သက်သူများအား တရားဥပဒေ အရ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် အမြန်ဆုံးဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂၄) ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးအား မီးပုလင်းဖြင့် ပစ်ပေါက်မှုကို တွေ့ရစဉ်။



ပဲခူးမြို့ရှိ မြဝတီဘဏ်အား အကြမ်းဖက်သူများက ဘဏ်အတွင်းသို့ လက်ပစ်ဗုံးဖြင့် ပစ်ခတ်မှုကြောင့် ပျက်စီးမှုကို တွေ့ရစဉ်။


# ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မေ ၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံ၊ မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇား တိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည် မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော် တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲ တိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူး တိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ပြည်သူ့ဆေးရုံ၊ သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒိုက်ဦးစရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်း မြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုး အကြော ရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ် ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေ ရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက် ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ် အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။


လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံ၌ ဒေသခံတစ်ဦးအား ဆေးကုသမှုပေးစဉ်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံ ပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင်ဝမ်း မြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ပဲ၊ ဆား အမယ်လေးမျိုးနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

နေပြည်တော် မေ ၇

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်း များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် COVID-19 ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန် ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင် များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ အတွက် ဆေးဝါးများ၊ စားသောက် ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ စစ်မှု ထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံး များနှင့် သက်ဆိုင်ရာ နေရာများ၌ ပေးအပ်လျက်ရှိသည်။



ထိုသို့ ပေးအပ်လျက်ရှိရာ မေ ၆ ရက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုမိန်းမြို့ရှိ မြန်မာ နိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ် တပ်ဖွဲ့ဝင်များအတွက် အရှေ့ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များက လည်းကောင်း၊ ချင်းပြည်နယ် ထန်တလန် မြို့နယ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်း များ၊ မြို့မိမြို့ဖများ၊ ဘာသာရေး ခေါင်းဆောင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား အနောက်မြောက်တိုင်း စစ်ဌာန ချုပ်မှ တာဝန်ရှိသူများကလည်း ကောင်း အသီးသီးသွားရောက် တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် စားသောက် ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (အပေါ်ပုံ)

သတင်းစဉ်

# အမ်းမြို့နယ်အတွင်းရှိ နေရပ်ပြန်မည့် တိုက်ပွဲရှောင် ဒေသခံပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်၊ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်

နေပြည်တော် မေ ၇

ရခိုင်ပြည်နယ် အမ်းမြို့ရှိ တိုက်ပွဲရှောင်စခန်းအသီးသီးမှ နေရပ်ပြန်မည့် တိုက်ပွဲရှောင် ဒေသခံပြည်သူများအား ထောက်ပံ့ငွေ၊ အသုံးအဆောင် ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပွဲကို မေ ၆ ရက် နံနက်ပိုင်းတွင် အမ်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။


ပေးအပ်ပွဲတွင် တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ တိုက်ပွဲရှောင် ဒေသခံကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက် ခေတ္တတိုက်ပွဲရှောင် စခန်းအသီးသီးမှ ဒေသခံပြည်သူ များအား ၎င်းတို့၏ နေရပ်ဒေသများဖြစ်သည့် ကျေးရွာ ခြောက်ရွာသို့ တပ်မတော်နှင့် ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီတို့မှ စီစဉ် ပေးသည့် မော်တော်ယာဉ်များဖြင့် လိုက်ပါပို့ဆောင်ပေးပြီး ရခိုင် ပြည်နယ်အတွင်း တိုက်ပွဲရှောင်စခန်းများမှ ဒေသခံပြည်သူများ မိမိတို့နေရပ်အသီးသီးသို့ နေထိုင်နိုင်ရေး နေရာအလိုက် စုဖွဲ့ ပြင်ဆင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိ သည်။

သတင်းစဉ်


## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



# မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ဆူပူအကြမ်းဖက်အဖွဲ့များ အသုံးပြုသည့် ဖောက်ခွဲဖျက်ဆီးရေးသုံးပစ္စည်းများ အများအပြားသိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၇

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု လုံခြုံအေးချမ်းစေရေးအတွက် လမ်းကြောင်းများ ပိတ်ဆို့ထားသည့် အတားအဆီးများအား ဖယ်ရှား ရှင်းလင်းခြင်း၊ ဆူပူအကြမ်းဖက်အဖွဲ့များ၏ လူထု အထိတ်လန့်ဖြစ်စေပြီး သေကျေပျက်ဆီးစေရန် ရည်ရွယ် လုပ်ဆောင်မှုများအား ကြိုတင်ဟန့်တား နိုင်ရေးအတွက် လုံခြုံရေးပူးပေါင်းအဖွဲ့များသည် လှည့်ကင်း၊ ပတ်ကင်းများ အဆက်မပြတ် ဆောင်ရွက် ကာ ပိတ်ဆို့ရှာဖွေရေး လုပ်ငန်းစဉ်များအား အရှိန် အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်ခဲ့ရာ ဧပြီ ၆ ရက် နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် မဟာအောင်မြေမြို့နယ် (၄၁) လမ်းနှင့် (၈၂)လမ်း လမ်းဆုံ၌ မဟာအောင်မြေမြို့နယ် သံလျှပ်မှော်ရပ်ကွက်နေ ရန်နိုင်အောင် (၂၂)နှစ် (ဘ) ဦးဟန်ဝင်းနှင့် ဟိန်းထက်အောင်(၁၇)နှစ် (ဘ) ဦးစိုးနိုင်တို့ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းတို့နှင့်အတူ ပါရှိလာသည့် ဖုန်းမှတ်တမ်းနှင့် စာရွက်စာတမ်း အထောက်အထား များအရ သတင်းကွင်းဆက် ဆက်လက်ဖော်ထုတ် ခဲ့ရာ ဇင်ကိုကိုအောင် (ခ) ဇင်ကို (၂၅)နှစ် (ဘ) ဦးကျော်နိုင်နှင့် ဟိန်းထက်အောင် (၁၉)နှစ် (ဘ) ဦးအောင်မင်းသိန်းတို့ နှစ်ဦးအား ထပ်မံတွေ့ရှိ ထိန်းသိမ်းစစ်ဆေးခဲ့ရာ လက်လုပ်သေနတ် ရှစ်လက်၊ လက်လုပ်မိုင်း အလုံး ၇၀၊ အရှည် သုံးပေရှိ ကော်ပိုက် ၁၂ လုံး၊ အရှည် ငါးလက်မခန့်ရှိ ကော်ပိုက် အခု ၄၀၊ မီးရှူးမီးပန်းများ၊ ကျည်ကာအင်္ကျီ ငါးထည်နှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။



ပုသိမ်ကြီးမြို့နယ်၌ သိမ်းဆည်းရမိသော ဖောက်ခွဲရေးပစ္စည်းများကို တွေ့ရစဉ်။



သိမ်းဆည်းရမိသော ပုသိမ်ကြီးမြို့နယ် ဆူပူအကြမ်းဖက်မှုမှ အသုံးပြုသည့် ပစ္စည်းများကို တွေ့ရစဉ်။

ဖမ်းဆီးရမိသူလေးဦးအား ထပ်မံစစ်ကြောချက် အရ ဧပြီ ၇ ရက် နံနက် ၉ နာရီတွင် သတင်းကွင်းဆက် ရရှိထားသည့် ပုသိမ်ကြီးမြို့နယ် ဘိုတပ်ကုန်း ကျေးရွာ၊ (၄၄)လမ်း၊ မဉ္ဇူလမ်းနှင့် ခတ္တာလမ်းကြားရှိ ဦးကျော်မြင့်(ခ) ဓောင်ကျားစိန် (စိစစ်ဆဲ) ပိုင်ဆိုင် သည့် ဒိုင်းမွန်းအုတ်စက်လုပ်ငန်း မြို့ဝင်းအတွင်း ထပ်မံရှာဖွေခဲ့သည်။

အသေးစိတ်ရှင်းလင်းစဉ် မြို့စောင့်ဖြစ်သူ စိုင်းဆာအောင်(၂၂)နှစ် (ဘ) ဦးစံကျိုင်းအား တွေ့ရှိပြီး ဂိုဒေါင်အတွင်းမှ လက်လုပ်သေနတ် ၁၅ လက်၊ လက်လုပ်မိုင်းမျိုးစုံ ၂၃၄ လုံး၊ ဒူးလေး ၁၁ လက်၊ မြားတံအချောင်း ၁၀၀၊ ကျည်ကာ အင်္ကျီ ခုနစ်ထည်၊ ဂျင်ကလိအချောင်း ၁၀၀၊ ဓာတ်ငွေ့ကာ မျက်နှာဖုံး ၃၇ ခု၊ ဓာတ်ဆီပုလင်း အလုံး ၅၀ နှင့် ဆက်စပ်ပစ္စည်း အများအပြား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ဆူပူအကြမ်းဖက် အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းစွာနေထိုင်လိုသည့် ပြည်သူလူထုအား အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ နိုင်ငံတော်ပိုင် အဆောက်အအုံများကို လက်လုပ်မိုင်း၊ မီးပုလင်းဖြင့် ပစ်ပေါက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင် များနှင့် တပ်စခန်းများအား နှောင့်ယှက်ပစ်ခတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အအုံနှင့် ယာဉ်များအား လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း များပြုလုပ်လာသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် လုံခြုံရေးဆိုင်ရာ လုပ်ငန်းစဉ်များအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပုလဲမြို့နယ် ကြိုးကြာဥကျေးရွာနှင့် ရွာထင်ကျေးရွာနေ ပြည်သူ သုံးဦးအား ဆူပူအကြမ်းဖက်သူများက မီးရှို့သတ်ဖြတ်

နေပြည်တော် ဧပြီ ၇

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ကြိုးကြာဥကျေးရွာနေ ဦးမောင် နိုင် (ဘ) ဦးဘိုလေးနှင့် ရွာထင်ကျေးရွာနေ ဦးကျော်ဆန်းလင်း(ဘ) ဦးဖေတင့်နှင့် ဦးခင်မောင်ဆွေ (ဘ)ဦးဖေတင့်တို့အား ရွာထင်ကျေးရွာမှ ဆူပူအကြမ်းဖက်သူများက ယနေ့တွင် မီးရှို့သတ်ဖြတ်ခဲ့ကြောင်း သိရှိ ရသည်။

ဖြစ်စဉ်မှာ ကြိုးကြာဥကျေးရွာနေ ဦးမောင်နိုင်(ဘ) ဦးဘိုလေးနှင့် ဇနီးဖြစ်သူ ဒေါ်စန်းစန်းဦး(ဘ)ဦးကံသိန်းတို့၏ နေအိမ်အား ယနေ့နံနက် ၄ နာရီခွဲခန့်တွင် ရွာထင် ကျေးရွာနေ ဆူပူအကြမ်းဖက်သူလူတစ်စုက နေအိမ်အား ခဲများဖြင့် ပစ်ပေါက်ခြင်း၊ အိမ်ဝင်းခြံစည်းရိုးအား ဖျက်ဆီး၍ နေအိမ်အတွင်းသို့ ဝင်ရောက်ပြီး တုတ်၊ ဓားများဖြင့် ဝင်ရောက်ရိုက်နှက် ခဲ့ရာ ဒေါ်စန်းစန်းဦးတွင် နောက်ကျောဘက်ထိုးသွင်း ဒဏ်ရာသုံးချက် ရရှိခဲ့ပြီး ဦးမောင်နိုင်အား ရိုက်နှက်၍ ရွာထင်ကျေးရွာသို့ ဖမ်းဆီး ခေါ်ဆောင်သွားကြောင်း၊ ထိုသို့ ဖမ်းဆီးခေါ်ဆောင်သွားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နံနက် ၉ နာရီခန့်တွင် ရွာထင်ကျေးရွာသို့ သွားရောက်ရှာဖွေရာ ကျေးရွာအတွင်း လူများမတွေ့ရှိရဘဲ ရွာ၏ အနောက်ဘက်ရှိ သချိုင်းအတွင်း၌ မီးလောင်သေဆုံးနေသည့် အလောင်း သုံးလောင်းအား တွေ့ရှိခဲ့သဖြင့် ရွာသာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ မီးရှို့အသတ်ခံရသူ သုံးဦးမှာ ဦးမောင်နိုင်(ဘ)ဦးဘိုလေးနှင့် ရွာထင်ကျေးရွာသားများ ဖြစ်သည့် ဦးကျော်ဆန်းလင်း(ဘ)ဦးဖေတင့်နှင့် ဦးခင်မောင်ဆွေ(ဘ) ဦးဖေတင့်တို့၏အလောင်းများဖြစ်ကြောင်း၊ဖြစ်စဉ်အား ထပ်မံစုံစမ်းခဲ့ရာ ရွာထင်ကျေးရွာနေ ဦးကျော်ဆန်းလင်းနှင့် ဦးခင်မောင်ဆွေတို့ နှစ်ဦး သည် နေအိမ်၌ရှိနေစဉ် တစ်ရွာတည်းနေ ဦးကျောက်လုံး(ဘ)ဦးညွန့် ဆောင်၊ ဦးဟိန်းမြင့်ဦး(ဘ)ဦးရွှေ၊ ဒေါ်စုမာဝင်း(ဘ) ဦးညွန့်ဆောင်၊ ဦးကျော်ရှိန်ဦး(ဘ)ဦးဘိုလွင်၊ ဦးဖိုးစိန်(ဘ)ဦးချစ်ပိုတို့ ဦးဆောင်သည့် ဆူပူအကြမ်းဖက်သူအင်အား ၂၀၀ ခန့်က ကြိုးကြာဥကျေးရွာနေ မောင်နိုင်ကို ရွာထင်ကျေးရွာအား မီးရှို့သည်ဟု စွပ်စွဲပြောဆို၍ ဖမ်းဆီး ခေါ်ဆောင်လာကြောင်း၊ ကျေးရွာအား မီးရှို့စေခိုင်းသူမှာ ဦးကျော်ဆန်း လင်း ဖြစ်သည်ဟု စွပ်စွဲပြောဆို၍ နေအိမ်အတွင်း ဝင်ရောက်တိုက်ခိုက်၍ ဦးကျော်ဆန်းလင်းနှင့် ဦးခင်မောင်ဆွေတို့ နှစ်ဦးအား ထပ်မံဖမ်းဆီးပြီး ရွာထင်ကျေးရွာသချိုင်းသို့ ခေါ်ဆောင်ကာ မီးရှို့သတ်ဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

အထက်ပါ မင်းမဲ့စရိုက်ဆန်စွာ ရက်ရက်စက်စက် မီးရှို့သတ်ဖြတ် ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို ဦးဆောင်သူများနှင့် ပါဝင်ပတ်သက် သူများအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ကျေးရွာအတွင်း တွေ့ရှိခြင်း မရှိဘဲ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် အဆိုပါ ပြစ်မှုကျူးလွန်သူ များအား ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်း ရရှိသည်။

သတင်းစဉ်

# မဟာအောင်မြေမြို့နယ်ရှိ ရဲစခန်းမှ ရဲအရာရှိတစ်ဦးအားမီးရှို့သတ်ဖြတ်မှုတွင် ပါဝင်ပတ်သက်သူများအား ထပ်မံဖော်ထုတ်ရရှိ

နေပြည်တော် ဧပြီ ၇

မန္တလေးတိုင်းဒေသကြီး မဟာ အောင်မြေမြို့နယ်ရှိ ရဲစခန်းမှ ရဲအရာရှိတစ်ဦးအား မတ် ၂၉ ရက် တွင် ဆူပူအကြမ်းဖက်အဖွဲ့ အင်အား ၂၀၀ ခန့်က ဖမ်းဆီး၍ ရဲအရာရှိတစ်ဦးဖြစ်မှန်း သိလျက် နှင့် ရက်စက်စွာ မီးရှို့သတ်ဖြတ် ခဲ့ကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်သည်။


၎င်းဖြစ်စဉ်နှင့် ပတ်သက်၍ ဖြစ်စဉ်ဖြစ်ပွားချိန်မှ စတင်ကာ ပြစ်မှုတွင် ပါဝင်သူများအား စိစစ် ဖော်ထုတ်ခြင်းများ ဆောင်ရွက် ခဲ့ရာ "တရားဥပဒေအထက်တွင် မည်သူမျှမရှိ၊ ပြစ်မှုဖြစ်လျှင် လွတ်ရိုးထုံးစံမရှိ" ဟူသည့် ဆိုရိုး စကားများနှင့်အညီ လူသတ်မှုတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သူ ငြိမ်းမင်းသူ (ခ) ကျော်မဲ (ဘ) ဦးမြင့်စိုး၊ သရက်တစ်ပင်ကျေးရွာ ပုသိမ်ကြီးမြို့နယ်နေသူကို မတ် ၃၁ ရက်တွင် ဖော်ထုတ်ဖမ်းဆီး ရမိခဲ့ပြီး ရဲအရာရှိအား ဝိုင်းဝန်း သတ်ဖြတ်ရာတွင် ပါဝင်ပတ်သက် သူများအား အပူတပြင်း ဆက်လက် ဖော်ထုတ်ခဲ့သည်။


လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ ကြိုးပမ်း ဆောင်ရွက်မှုများနှင့် မတရားမှုကို အလိုမရှိသည့် တာဝန်သိပြည်သူများ၏ သတင်း ပေးမှုကြောင့် ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများ ဖြစ်ကြ သည့် အငယ်လေး (၂၀)နှစ် (ဘ) ဦးညွန့်သိန်း၊ ကျော်ဇင်ဝင်း(ခ)သူရဲ လေး(၂၅)နှစ် (ဘ) ဦးတင်မြိုင်၊ ဇော်ထွန်းဝင်း(ခ)ဇော်သူဟိန်း(၂၆) နှစ်(ဘ) ဦးအောင်ဝင်းကျော်၊ ဝင်းသူ မောင် (ခ)ဝင်းသူ(၂၀)နှစ် (ဘ) ဦးအောင်ဝင်းကျော်တို့ ထပ်မံဖော် ထုတ်ဖမ်းဆီးရမိခဲ့ပြီးအထူးတရား ရုံးဖြင့် ထိရောက်မြန်ဆန်စွာ အရေးယူနိုင်ရေး ဆောင်ရွက် လျက်ရှိသည်။

၎င်းတို့အား စစ်ဆေးမေးမြန်း ချက်များအရ သရက်တစ်ပင် မြောက်ပိုင်းနေ ပွကြီး(၄၅)နှစ်၊ သရက်တစ်ပင်အုပ်စု ရဲထွင့်ရွာနေ ခွေးကြီး (ခ) ငစိုင်း (၂၅)နှစ်၊ သီဟဇော် (ဘ)ဦးဝင်းဇော်၊ ရွှေတိုး၊ မင်းတဲအိုကင်းနေ (ပွကြီး၏ ညီဖြစ်သူ) သန်းထွန်းဦး (၄၀)နှစ်၊ အာကြီး(၄၅)နှစ်၊ ရန်ရှင်း(၂၅)နှစ်၊ သရက်တစ်ပင် တောင်ပိုင်းနေ ငရဲ(ခ)ရဲဇော်(၂၂)နှစ်နှင့် ဇေလှဝ (ခ)ဇေကြီး (၁၉)နှစ်၊ စည်သူအောင် (၃၀)နှစ်တို့ ကိုးဦး ပါဝင်ခဲ့ကြောင်း ထပ်မံသတင်းဖော်ထုတ်ရရှိခဲ့ပြီး ၎င်းတို့ကို အမြန်ဆုံးဖမ်းဆီးရမိ ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

| | | |
|---|---|---|
| (၁) | ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော | ၀၉-၇၉၁၀၆၉၀၀၊ ၀၃၆-၃၁၀၀၅ |
| (၂) | ဒေါ်အေးအေးကြည် | ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၃၆ |

ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ
ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။

## ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာလာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ၊ ဘဏ်များ၊ ဈေးများ၊ ဆေးရုံများနှင့် ယာဉ်လိုင်းများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပြေးဆွဲ

နေပြည်တော် ဧပြီ ၇

ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ COVID-19 စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် မိဘပြည်သူများက ဖူးမြော်ကြည်ညိုကုသိုလ်ယူလျက်ရှိကြသည်။

အလားတူ သက်ဆိုင်ရာ ဘာသာရေးကျောင်းများတွင်လည်း ဘာသာဝင်များက စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြကြောင်း သိရှိရသည်။

ထို့အပြင် နေပြည်တော်၊ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများအပါအဝင် အခြားမြို့ကြီးများတွင်လည်း တည်ငြိမ်အေးချမ်းစွာဖြင့် ဈေးများ၌ ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိပြီး ဘဏ်များ၊ ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌လည်း ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် ယာဉ်လိုင်းများ နေ့စဉ် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဧပြီ ၇

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၆ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုမိန်းမြို့ ဝိသုဒ္ဓိဘုန်းတော်ကြီးကျောင်းတိုက်၊ နားမွန်းလုံကျေးရွာ ဒက္ခိဏာရာမကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ပုရွက်ဆိတ်ကုန်းကျေးရွာ ပုရွက်ဆိတ်ကုန်းကျောင်းတိုက်များရှိ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ COVID- 19 ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့အပြင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ခရစ်တော်၏ သက်သေခံ နှစ်ခြင်းအသင်းတော်လူငယ်ပြုစု ပျိုးထောင်ရေးဂေဟာသို့ ဧပြီ ၆ ရက် ညနေပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက သွားရောက်၍ အဆိုပါဂေဟာသို့ စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက တိုင်းရင်းသားလူငယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၇-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၆-၅-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၇-၅-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၆၁၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၈) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၄၇,၈၅၂) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၅၄၉) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၈၃၄) ဦး ဆေးရုံမှ ဆင်းခွင့် ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက်-

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) က မှာယူထားသည့် Air Bus A320-214 လေယာဉ်သစ်တစ်စင်း ထပ်မံရောက်ရှိ




ရန်ကုန် မေ ၇

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) က မှာယူထားသည့် Air Bus A320-214 XY-ALR လေယာဉ်သစ်သည် မေ ၇ ရက်တွင် ဖိလစ်ပိုင်နိုင်ငံမှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။

Air Bus A320-214 XY-ALR လေယာဉ်တွင် Business Class ထိုင်ခုံရှစ်ခုံနှင့် Economy Class ထိုင်ခုံ ၁၆၂ ခုံပါရှိပြီး ခရီးသည် စုစုပေါင်းဦးရေ ၁၇၀ တင်ဆောင်နိုင်မည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)သည် ယင်းလေယာဉ်သစ်ကို ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီကတည်းက မှာယူထားခြင်းဖြစ်ပြီး ယခုအချိန်မှသာ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - ကိုညီလေး

## မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် လွန်တောင်းကျေးရွာ၌ ဒီမိုကရက်တစ်ပါတီစည်းရုံးရေးမှူး မီးရှို့သတ်ဖြတ်ခံရ

စာ - ၁၆

## မဟာအောင်မြေမြို့နယ်ရှိ ရဲစခန်းမှ ရဲအရာရှိတစ်ဦးအား မီးရှို့သတ်ဖြတ်မှုတွင် ပါဝင်ပတ်သက်သူများအား ထပ်မံဖော်ထုတ်ရရှိ

စာ - ၂၇

# ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်ယှဉ်ပြိုင် ရီးရဲမက်ဒရစ်အသင်းက လီဗာပူးကို ဂိုးပြတ်အနိုင်ယူ

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့အဖြစ် စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်းနှင့် ပရီမီယာလိဂ်ကလပ် လီဗာပူး အသင်းတို့ ပွဲစဉ်ကို မေ ၇ ရက် နံနက်ပိုင်းက ရီးရဲမက်ဒရစ် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းအတွက် ဂိုးများကို ဗင်နီစီးယပ်စ်နှင့် အေဆန်စီယိုတို့က သွင်းယူပေးနိုင်ခဲ့သည်။



လီဗာပူးအသင်းသည် ယနေ့ပွဲစဉ်တွင် ၂၀၁၈ ခုနှစ်က ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲရှုံးကြေးကို ပြန်ဆပ်နိုင်ရန်အတွက် အဓိက ကစားသမားအများစုဖြင့် ပွဲထွက်လာခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းကလည်း လီဗာပူးအသင်းကို ထပ်မံအသာစီးရယူနိုင်ရန်အတွက် ဒဏ်ရာရ ကစားသမားများကို ချန်လှပ်ကာ အဓိက ကစားသမားများဖြင့် ရင်ဆိုင်လာခဲ့သည်။

ရီးရဲမက်ဒရစ် အသင်းနှင့် လီဗာပူးအသင်းတို့သည် အနိုင်ရရှိရေးကို ဦးတည်လာသည့်အတွက် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၂၇ မိနစ်တွင် ခရူးစ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဗင်နီစီးယပ်စ်က သွင်းယူပေးနိုင်ခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ ◉




## မန်စီးတီးအသင်းနှင့် ၂၀၂၅ ခုနှစ်အထိ ရှိမည်ဖြစ်သော စာချုပ်သစ်ချုပ်ဆိုလိုက်သည့် ဒီဘရိုင်း

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းမှ ဒီဘရိုင်းသည် အီတီဟတ်၌ ၂၀၂၅ ခုနှစ်အထိ ရှိမည်ဖြစ်သော စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါ အသက် ၂၉ နှစ်အရွယ်ရှိ ဘယ်လ်ဂျီယံကစားသမား ဒီဘရိုင်း၏ စာချုပ်သစ်နှင့်ပတ်သက်ပြီး မန်စီးတီးအသင်းနှင့် ယခုသီတင်းပတ် အစောပိုင်းတွင် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ဒီဘရိုင်းသည် ၂၀၁၅ ခုနှစ်တွင် ဝုဖ်ဘတ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၅၅ ပွဲ ပါဝင်ကစားထားပြီး ၆၅ ဂိုး သွင်းယူပေးထားနိုင်သည်။

စာမျက်နှာ ၅ ကော်လံ ၅ ◯